# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်　၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္လာနေ့၊　အတွဲ [၅၄]၊ အမှတ် [၃၀၉]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# အရေးကြီးသည့် မြစ်ကမ်းထိန်းတမံများကို သာမန်ထက်ထူးကဲရေကြီးမြင့်တက်ချိန်တွင် ကာကွယ်နိုင်စွမ်းရှိရန် လက်ရှိအမြင့်ထက် ငါးပေခန့်အထိ တိုးမြှင့်နိုင်ရေးဆောင်ရွက်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်တုန်းမြို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်/ဆက်)

**နေပြည်တော်　ဩဂုတ်　၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းမှူး ဗိုလ်ချုပ်လူအေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့်

*စာမျက်နှာ ၄ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သင်ခန်းစာကောင်းတစ်ခု

မည်သည့်အဖြစ်အပျက်တို့၌မဆို ယူတတ်လျှင်သင်ခန်းစာကောင်းများရှိပါသည်။ အဖြစ်အပျက်တို့သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ထိုဖြစ်ခြင်း၊ ပျက်ခြင်းတို့၏နောက်ကွယ်တွင် သင်ခန်းစာများရှိနေက အမှန်ပင်ဖြစ်ပါသည်။ သင်ခန်းစာကောင်းများကိုရယူ၍ ထိရောက်စွာ အသုံးချတတ်ကြမည်ဆိုလျှင် များစွာအကျိုးရှိပေလိမ့်မည်။ ဆိုးရွားသော အဖြစ်ဆိုးစနစ်ဆိုးများကို သင်ခန်းစာကောင်းများက အမှန်လမ်းကြောင်းပေါ်သို့ပို့ပေးနိုင်စွမ်းရှိ၏။ ထို့အတူ ကောင်းသောအဖြစ်အပျက်များမှာလည်း သင်ခန်းစာကောင်းများက ပို၍ပို၍ကောင်းမွန်သောလမ်းကြောင်းမှန်ပေါ်သို့ ပို့ပေးနိုင်ပေလိမ့်မည်။ သို့သော် သင်ခန်းစာဟူသည်ယူတတ်မှရ၏။

မကြာသေးမီက မြန်မာနိုင်ငံအဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနောက်ကွယ်တွင် ပြည်သူတို့အတွက် ယူစရာသင်ခန်းစာများရှိနေပါသည်။ သဘာဝဘေးဟူသည် တားဆီး၍ရကောင်းသောအရာ မဟုတ်ပေ။ သို့သော်ငြားလည်း လက်ရှိကြုံတွေ့ခဲ့ရပြီဖြစ်သော ရေဘေးအန္တရာယ် သင်ခန်းစာများမှတစ်ဆင့် နောက်ထပ်တစ်ဖန် ဤကဲ့သို့ဘေးအန္တရာယ်ဆိုးများမှ လွတ်ကင်းရာလွတ်ကင်းကြောင်းလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ပေလိမ့်မည်။

မည်သည့်သဘာဝဘေးမဆို ကြိုတင်ပြင်ဆင်ခြင်းမှတစ်ပါး ကောင်းမွန်သော နည်းလမ်းမရှိနိုင်ပါ။ ကြိုတင်ပြင်ဆင်မှုသည် အကောင်းဆုံး၊ လုံခြုံမှုအရှိဆုံး၊ ဘေးကင်းမှုအပေးနိုင်ဆုံးဖြစ်ပေလိမ့်မည်။ မည်သို့သောဒေသများသည် မည်သည့်အချိန်တွင်မည်သို့သော သဘာဝဘေးတို့သည် ကြုံတွေ့နိုင်သနည်း။ မည်သို့မည်ပုံ ကြိုတင်ကာကွယ်ကြမည်နည်း။ စဉ်းစားဆင်ခြင်သင်ခန်းစာယူဖွယ်ကောင်းသည်။

ဥပမာအားဖြင့် ရာဇဝင်ပြုဟ်ရေလှောင်တမံ၏ စိုးရိမ်ရေမှတ်ကို ရောက်လျှင် ကလေးဒေသတစ်ဝိုက်မှ ပြည်သူများသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြဖို့လိုပါသည်။ မြစ်ညာဒေသများ၌ ရေကြီးမှုဖြစ်ပွားလျှင် မြစ်ခြေဒေသများတွင် ရေကြီးနိုင်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအထက်ပိုင်း မြစ်ရေလျှံမှုသည် မြန်မာနိုင်ငံအောက်ပိုင်းတွင်လည်း ရေကြီးနိုင်ပါသည်။ မြစ်ရေကြီးမှုသတိပေးချက်များသည် ကမ်းရိုးတန်းဒေသနေ မြို့ရွာပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အသိပေးနေခြင်းဖြစ်ပါသည်။ ဤနေရာတွင် ရေဘေးသတိပေးမှုသည် စနစ်တကျဖြစ်ရန်လိုပါသည်။

ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများ ရေဆည်တမံများကြံ့ခိုင်မှု စွမ်းရည်ကိုမြှင့်တင်သင့်ပါသည်။ မြစ်ရိုးများတစ်လျှောက် ကမ်းပတ္တာများ၊ တာရိုး၊ တာပေါင်များ ပိုမိုကြံ့ခိုင်ဖို့လိုပါသည်။ ရေဘေးသင့်ပြည်သူများအတွက် စားရေရိက္ခာများ သိုမှီးထားသင့်ပါသည်။ သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်မှုသည် ကြိုတင်သရုပ်ပြ ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သလို ရုပ်ဝတ္ထုဆိုင်ရာအခြေခံအဆောက်အအုံများလည်း ကြံ့ခိုင်မှုအားလုံးရှိရန်လိုအပ်ပါသည်။ သို့မှသာကြုံတွေ့လာသော သဘာဝဘေးအန္တရာယ်ကို အလွယ်တကူရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများလှူဒါန်း



ပဲခူး ဩဂုတ် ၉
ပဲခူးတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာမှ စစ်တောင်းမြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေလွှမ်းမိုးနစ်မြုပ်မှုများဖြစ်ပွားခဲ့ရသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ကာ i-Land Park Myanmar Limited က အလှူငွေကျပ်သိန်း ၁၀၀ ကို ဩဂုတ်လပထမပတ်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့ညှိနှိုင်းခန်းမ၌ ကျင်းပခဲ့ပြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်ကာ အလှူငွေများလက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အလှူရှင်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# ရေကြီးနစ်မြုပ်ရာမှ ပိတ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၉**
နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားရာ အချို့ဒေသများ၌ ကျောင်းများပိတ်ထားခဲ့ရာ ဩဂုတ် ၈ ရက်နေ့အထိ ပိတ်ထားခဲ့ရသော စုစုပေါင်း ကျောင်းအရေအတွက်မှာ ၃၀၆၂ ကျောင်းရှိခဲ့သည်။ ဩဂုတ်လဆန်းပိုင်းမှစကာ ရေကျပြီဖြစ်သဖြင့် အချို့ကျောင်းများမှာ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

ဩဂုတ် ၈ ရက်အထိ ပြန်လည်ဖွင့်လှစ်နိုင်သော ကျောင်းများမှာ ၅၆၉ ကျောင်းရှိသည်။ ဩဂုတ် ၈ ရက်အထိ ပြန်လည်ဖွင့်လှစ်ရန် ၂၄၉၃ ကျောင်း ကျန်ရှိနေလျက်ရှိသည်။ ယခုအခါ ရေပြန်ကျသွားပြီဖြစ်၍ ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးရှိ သဘာဝရေဘေးအန္တရာယ်ဒဏ်ခံခဲ့ရသည့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများပေးပို့ထောက်ပံ့ခြင်း၊ပျက်စီးဆုံးရှုံးခဲ့သည့်ကျောင်းများအား ပြန်လည်ပြင်ဆင်မွမ်းမံခြင်းများကို ဆက်လက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၂၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄ |
| ဥရောပ | တစ်ယူရို | ၁၃၄၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၃.၀၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၂၃ |
| တရုတ် | တစ်ယွမ် | ၁၉၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၆၂ |

ခင်ရတနာ-စုစည်းသည်။

# တပ်မတော်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်နိုင်သည့်အတိုင်းအတာအရ စွမ်းအားပြည့်ဆောင်ရွက်နေ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလေးမြို့နယ် ရေဘေးသင့်ပြည်သူများ အတွက် လူသုံးကုန်ပစ္စည်းများ ပေးအပ်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလေး-ကလေးဝ ကားလမ်းပေါ်တွင် တင်ကျန်နေသောနုန်းများကို နယ်မြေခံတပ်မတော်သားများက ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကလေးတပ်နယ်နှင့် ကျီကုန်းတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ကျီကုန်းတပ်နယ်ရှိ ရေဝင်ရောက်ခဲ့သော တပ်ရင်း၊ တပ်ဖွဲ့များ၏ အခြေအနေကို သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ပင်သာရပ်ကွက်၊ ပင်လုံရပ်ကွက်၊ ကလေး-ကလေးဝ ကားလမ်းပေါ်နှင့် ပတ်ဝန်းကျင်လယ်မြေများတွင် နုန်းများ တင်ကျန်နေမှုအခြေအနေကို လိုက်လံကြည့်ရှုပြီး ကလေး-ကလေးဝ ကားလမ်းပေါ်တွင် တင်ကျန်နေသောနုန်းများကို နယ်မြေခံတပ်မတော်သားများက ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီကုန်းတပ်နယ်ရှိ ရေဝင်ရောက်ခဲ့သော တပ်ရင်း၊တပ်ဖွဲ့များသို့ သွားရောက်၍ တပ်ဧရိယာများအတွင်း ရေဝင်ရောက်ခဲ့မှု၊ ရေကျသွားချိန်တွင် နုန်းများကျန်ရှိနေမှုနှင့် ရေဝင်ရောက်သောလိုင်းခန်းများမှ မိသားစုများ ရွှေ့ပြောင်းနေရာချထားမှုနှင့် စားသောက်နေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီကုန်းကျေးရွာအနီး ရာဇဂီရိတောင်ပေါ်ရှိ ရေဆန်ကျွန်းဘုရားသို့သွားရောက်၍ ရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ်ပွားတော်ကို ပန်း၊ ဆီမီးနှင့် ရေချမ်းဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ကလေးတပ်နယ်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကလေးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်များကို ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ကလေးဒေသနှင့် ချင်းပြည်နယ်အတွင်း ထူးကဲမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု စသည့် သဘာဝဘေးဒဏ်များကြုံတွေ့ခံစားရခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်နိုင်သည့် အတိုင်းအတာအရ စွမ်းအားပြည့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးကာလ ခြောက်လခန့် ထောက်ပံ့မှုများပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ထုတ်နုတ်နိုင်သည့် လူအင်အား၊ စက်ယန္တရားပစ္စည်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ အဓိကအခက်အခဲမှာ ရေကျသွားချိန်ကျန်ရှိနေသည့် နုန်းများ၊ သစ်ကိုင်းသစ်ခက်နှင့် အမှိုက်သရိုက်များကို သန့်ရှင်းရေးလုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို တပ်မတော်အပိုင်းက လူအင်အား ထုတ်နုတ်ဆောင်ရွက်နေပြီး ရေစုပ်စက်၊ မီးစက်များ ထပ်မံပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဒေသခံများကလည်း ကိုယ့်အပိုင်းနှင့်ကိုယ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရေကောင်းရေသန့်ရရှိရေးအပါအဝင် ကျန်းမာရေးထိခိုက်စေနိုင်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းကာကွယ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လူသုံးကုန်ပစ္စည်းများကိုပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက အဝတ်အထည်များကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေက ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က ကြက်ဥများကိုလည်းကောင်း၊ 4 TV နွေးထွေးသောကမ်းလက်များ မိသားစုက ပစ္စည်းစုံသေတ္တာများကို လည်းကောင်း ပေးအပ်ကြရာ ကယ်ဆယ်ရေးစခန်းတာဝန်ခံများက အသီးသီး လက်ခံရယူကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နေ့လယ်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမ၌ ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးဒဏ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားသင့်သည့် ကာကွယ်ထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်ရန်၊ အရန်ထားရှိသင့်သည့် အစားအစာ၊ ရေ၊ ရိက္ခာပစ္စည်းများကို အသင့်စုဆောင်းထားရှိရန်၊ စည်းလုံးညီညွတ်မှုအင်အားဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလုပ်ကိုင်ဆောင်ရွက်ကြရန်၊ တပ်မတော်သားဘဝကို တန်ဖိုးထားပြီး နိုင်ငံတော်ကို အစဉ်အမြဲအကျိုးပြုနေသည့် အဖွဲ့အစည်းအဖြစ်နှလုံးသွင်း၍ လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကြက်ဥ၊ ကိတ်မုန့်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမ၌ တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ပြည်သူမှအားကိုးရသည့်၊ တိုင်းပြည်မှ အားထားရသည့် တပ်မတော်ဖြစ်စေရေးအတွက် တစ်ဦးချင်းစွမ်းရည်မြင့်မားရေးမှသည် တပ်များ စွမ်းရည်မြင့်မားရေးဆီသို့ တိုးမြှင့်၍ ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ အဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

# ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**သရက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၈ ရက်က ရေပေါ်ကျွန်းကျေးရွာမှ ပြည်သူများကို ကယ်ဆယ်ရေးစခန်းတစ်ခုဖြစ်သည့် သဲတောကျေးရွာတွင် ကပစ(၁၂)မှ စက်ရုံမှူး ဗိုလ်မှူးကြီးဌေးမြင့်၊ တပ်ရေးဗိုလ်ကြီးဝင်းကိုကိုနိုင်၊ ဆေးဗိုလ်ကြီးအောင်ဇော်ထွန်းတို့က ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

◆ *ရှေ့ဖုံးမှ*

ဒေသများသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ညောင်တုန်းမြို့သို့ ရောက်ရှိပြီး အရှည် နှစ်မိုင်ရှိသည့် မြို့မြစ်ကမ်းထိန်းတာကို ဒေသခံပြည်သူများနှင့် တပ်မတော်သားများက မြို့တွင်းသို့ ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားရာတွင် ညောင်တုန်းမြို့ ရေလွှမ်းမိုးမခံရစေရန်အတွက် မြစ်ကမ်းထိန်းတမံကို ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ဒေသခံပြည်သူများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ညောင်တုန်းနှင့် ဟင်္သာတမြို့များ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အရေးကြီးသည့် မြစ်ကမ်းထိန်းတမံများကို သာမန်ထက် ထူးကဲ ရေကြီးမြင့်တက်ချိန်တွင် ကာကွယ်နိုင်စွမ်းရှိရန်အတွက် လက်ရှိအမြင့်ထက် ငါးပေခန့်အထိ တိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ရန်ပုံငွေရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး တပ်မတော်စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၏ ရေသန့်ယာဉ် (Water Purification Vehicle NJC 200-100/80)ဖြင့် ဒေသခံပြည်သူများအတွက် သောက်ရေ၊ သုံးရေ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုသည်။

အဆိုပါယာဉ်သည် မြစ်ချောင်းအင်းအိုင်များမှရေကို စုပ်ယူပြီး အဆင့်ဆင့်သန့်စင်ကာ လူကို အန္တရာယ်ဖြစ်စေနိုင်သည့် ဗက်တီးရီးယားပိုးမွှားများ၊ ရောဂါပိုးမွှားများကို ခရမ်းလွန်ရောင်ခြည်ဖြင့် သန့်စင်ပြီး သောက်ရေသန့်အဖြစ် ထုတ်ပေးခြင်းဖြစ်ပြီး တစ်နာရီလျှင် သောက်ရေဂါလန် ၈၀၀ ထုတ်လွှတ်ပေးနိုင်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ချောင်းအင်းအိုင်များမှ ရေသန့်ယာဉ်ဖြင့် စုပ်ယူသန့်စင်ထားသော ရေကို သောက်သုံးစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းမြို့ ပုဏ္ဏရာမဈေးကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညောင်တုန်းမြို့ ရာပြည့်ဗိမာန်တော်ကြီး၌ ရေဘေးသင့်ပြည်သူ ၆၃၀ အတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လူသားချင်းစာနာစိတ်ရှိသူများက ပူးပေါင်းကူညီပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်မှုများအား လုပ်ဆောင်ပေးကြပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စာသင်ကျောင်း၊ ဆေးခန်းနှင့် ဆေးရုံများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို အချိန်မီဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးသွားသည့် လယ်ယာမြေများအတွက် ပြန်လည်စိုက်ပျိုးနိုင်ရန်၊ တောင်သူလယ်သမားများအတွက် မျိုးစပါး ပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်ယက်ပေးခြင်းနှင့် မျိုးစပါးများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့သို့ရောက်ရှိကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း အပြီးသတ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သင်တန်းကျောင်းမှာ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ သင်တန်းခန်းမ၊ ဝန်ထမ်းအိမ်ရာ၊ အုပ်ချုပ်မှုရုံး၊ စာသင်ဆောင်၊ သင်တန်းသားသင်တန်းသူအိပ်ဆောင်နှင့် စားဖိုဆောင်တို့ ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတမြို့ ကြာခံကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူ ၆၀၀ ကျော်အတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ထောက်ပံ့ပစ္စည်းများကို ရေဘေးသင့်ပြည်သူများအား လည်းကောင်း၊ အလှူငွေကျပ် သိန်း ၅၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတမြို့ ရွှေစေတီအနီးရှိ တစ်မိုင် လေးဖာပုံ ရှည်လျားသည့် လက်သမားရေထိန်းတာကို ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး အထောက်အကူပစ္စည်းများ ပေးအပ်

**၂၀၁၅ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ကြောင့် ရေဘေးသင့်မြို့နယ် အိမ်ထောင်စု၊ လူဦးရေစာရင်း**

| စဉ် | မြို့နယ် | ရေဘေးသင့်အိမ်ထောင်စု | ရေဘေးသင့်လူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပုသိမ် | ၉၇ | ၄၀၅ | |
| ၂။ | ကန်ကြီးထောင့် | ၁၀၃၁ | ၄၁၇၄ | |
| ၃။ | သာပေါင်း | ၆၀၄ | ၂၂၇၄ | |
| ၄။ | ငပုတော | ၁၅၈ | ၇၃၇ | |
| ၅။ | ကျုံပျော် | ၅၂ | ၁၆၇ | |
| ၆။ | ရေကြည် | ၁၇၀၀ | ၇၂၂၇ | |
| ၇။ | ကျောင်းကုန်း | ၃၂၈၀ | ၁၂၇၅၁ | |
| ၈။ | ဟင်္သာတ | ၁၀၇၅၂ | ၄၂၁၅၁ | |
| ၉။ | ဇလွန် | ၄၅၅၄ | ၁၇၄၀၄ | |
| ၁၀။ | လေးမျက်နှာ | ၅၃၄၅ | ၂၂၈၆၁ | |
| ၁၁။ | မြန်အောင် | ၁၄၀၂၄ | ၅၆၆၉၆ | |
| ၁၂။ | ကြံခင်း | ၂၅၇၆ | ၇၂၁၁ | |
| ၁၃။ | အင်္ဂပူ | ၁၆၃၄၄ | ၆၃၃၉၂ | |
| ၁၄။ | မအူပင် | ၂၁၃၁ | ၈၇၉၇ | |
| ၁၅။ | ပန်းတနော် | ၄၀၆၇ | ၁၇၇၃၇ | |
| ၁၆။ | ညောင်တုန်း | ၁၀၁၈၀ | ၄၄၆၃၉ | |
| ၁၇။ | ဓနုဖြူ | ၁၀၂၃ | ၄၀၉၅ | |
| | တိုင်းချုပ် | ၇၇၉၁၈ | ၃၁၂၇၁၈ | |



ဟင်္သာတမြို့၌ ရေကြီးနစ်မြုပ်နေသည့် နေရာအချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

လှူဒါန်းရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Blue Sky Rescue အဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ၇-၈-၂၀၁၅ နေ့ရှိ ခန့်မှန်းစပါး/ဆန်လက်ကျန်အပေါ် နိုဝင်ဘာလကုန်အထိ လုံလောက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ သန်း | တစ်လ စားသုံးနှုန်း (တန်သိန်း) | နိုဝင်ဘာလကုန်ထိ စားသုံးရန် လိုအပ်ချက် တန်ဖိုး | ၇-၈-၂၀၁၅ ရက်နေ့ထိ လက်ရှိ | | ညီမျှဆန်တန် (တန်သိန်း) | နိုဝင်ဘာလကုန်ထိ (+/-) (ဆန်တန်သိန်း) |
|---|---|---|---|---|---|---|---|---|
| | | | | | စပါး (တင်းသိန်း) | ဆန် (တန်သိန်း) | | |
| ၁ | ၂ | ၃ | ၄ | ၅ (၄ ×၄လ) | ၆ | ၇ | ၈(၆+၇) | ၉ (၈-၅) |
| ၁။ | ဧရာဝတီ | ၆. ၁၈၄ | ၁. ၀၃၁ | ၄. ၁၂၃ | ၆၇၃. ၆၃၄ | ၀. ၈၉၆ | ၇. ၆၃၂ | ၃. ၅၀၉ |
| ၂။ | စစ်ကိုင်း | ၅. ၃၂၅ | ၀. ၈၈၈ | ၃. ၅၅၁ | ၇၈၄. ၀၀၀ | ၀. ၇၂၅ | ၈. ၅၆၅ | ၅. ၀၁၄ |
| ၃။ | ရန်ကုန် | ၇. ၃၆၀ | ၁. ၂၂၇ | ၄. ၉၀၈ | ၂၆၄. ၀၀၀ | ၀. ၉၆၀ | ၃. ၆၀၀ | ၁. ၃၀၈ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၄. ၈၆၇ | ၀. ၈၁၁ | ၃. ၂၄၅ | ၂၄၃. ၉၆၅ | ၁. ၅၉၅ | ၄. ၀၃၅ | ၀. ၇၉၀ |
| ၅။ | ရခိုင် | ၃. ၁၈၈ | ၀. ၅၃၁ | ၂. ၁၂၆ | ၁၂. ၆၉၄ | ၀. ၃၅၀ | ၀. ၄၇၈ | ၁. ၆၄၈ |
| ၆။ | ကရင် | ၁. ၅၇၄ | ၀. ၂၆၂ | ၁. ၀၅၀ | ၁၉၉. ၄၁၇ | ၀. ၀၃၅ | ၂. ၀၂၉ | ၀. ၉၈၀ |
| ၇။ | မန္တလေး | ၆. ၁၆၅ | ၁. ၀၂၈ | ၄. ၁၁၁ | ၄၇. ၁၂၈ | ၁. ၃၂၉ | ၁. ၈၀၁ | ၂. ၃၁၀ |
| ၈။ | ရှမ်းပြည်နယ် | ၅. ၈၂၄ | ၀. ၉၇၁ | ၃. ၈၈၃ | ၂၃၀. ၇၄၀ | ၀. ၀၉၅ | ၂. ၄၀၂ | ၁. ၄၈၂ |
| ၉။ | မကွေး | ၃. ၉၁၇ | ၀. ၆၅၃ | ၂. ၆၁၂ | ၅၁. ၀၄၆ | ၀. ၅၅၈ | ၁. ၀၆၈ | ၁. ၅၄၄ |
| ၁၀။ | မွန် | ၂. ၀၅၄ | ၀. ၃၄၂ | ၁. ၃၇၀ | ၃၄. ၄၂၆ | ၀. ၅၀၀ | ၀. ၈၄၄ | ၀. ၅၂၅ |
| ၁၁။ | ကချင် | ၁. ၆၈၉ | ၀. ၂၈၂ | ၁. ၁၂၆ | ၈၀. ၃၂၈ | ၀. ၁၃၉ | ၀. ၉၃၉ | ၀. ၁၈၇ |
| ၁၂။ | တနင်္သာရီ | ၁. ၄၀၈ | ၀. ၂၃၅ | ၀. ၉၃၉ | ၇၁. ၉၁၀ | ၀. ၀၇၂ | ၀. ၇၉၁ | ၀. ၁၄၈ |
| ၁၃။ | ကယား | ၀. ၂၈၆ | ၀. ၀၄၈ | ၀. ၁၉၁ | ၂၀. ၅၀၀ | ၀. ၀၄၁ | ၀. ၂၅၆ | ၀. ၀၆၅ |
| ၁၄။ | ချင်း | ၀. ၄၇၈ | ၀. ၀၈၀ | ၀. ၃၁၉ | - | - | - | ၀. ၃၁၉ |
| ၁၅။ | ပြည်ထောင်စုနယ်မြေ | ၁. ၁၆၀ | ၀. ၁၉၃ | ၀. ၇၇၃ | ၂၉. ၀၃၀ | ၀. ၀၈၇ | ၀. ၃၇၇ | ၀. ၃၉၆ |
| | စုစုပေါင်း | ၅၁. ၄၇၉ | ၈. ၅၈၂ | ၃၄. ၃၂၆ | ၂၇၄၃. ၅၂၃ | ၇. ၃၈၂ | ၃၄. ၈၀၇ | ၀. ၄၉၁ |

**မှတ်ချက်** (၁) လူတစ်ဦးစားသုံးနှုန်း တစ်နှစ်လျှင် ၂၀၀ ကီလိုဂရမ်၊ တစ်တင်းခွဲဝင် ဆန်လေးအိတ်။
(၂) လူတစ်ဦးစားသုံးနှုန်း တစ်ရက်လျှင် ၀ ဒသမ ၅၄၇ ကီလိုဂရမ်၊ နို့ဆီဘူး ၂ ဒသမ ၁ ဘူး။
(၃) နိုဝင်ဘာလကုန်အထိ စားသုံးပြီးပါက တွက်ချက်မှုအရ ခန့်မှန်းဆန်တန် ၀ ဒသမ ၅ သိန်းခန့် (ဆန် ၁၀ အိတ်)သိန်းခန့် လက်ကျန်ရှိပါမည်။
(၄) ဆန်တစ်တန်ရရှိရန် စပါးတင်း ၉၀ နှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းဆန်တန် ၃ ဒသမ ၅၃၉ သိန်းခန့်၊ ဆန်အိတ် သိန်း ၇၀ ကျော်ခန့် လက်ကျန်ရှိပါသည်။
(၅) ဩဂုတ်လမှ နိုဝင်ဘာလအတွင်း ထွက်ရှိလာမည့်စပါးများမှာ ထပ်မံပိုလျှံလာမည့် အရေအတွက်ဖြစ်ပါမည်။
(၆) သို့ဖြစ်ပါ၍ ယခုရာသီ ထွက်ရှိမည့် မိုးစပါးများအပေါ် စက်တင်ဘာလလယ်ခန့်တွင် ခန့်မှန်းတွက်ချက်၍ ပြည်ပတင်ပို့မှုကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် သိရှိလိုသည့်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အလှူငွေနှင့် ပစ္စည်းများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်လှူဒါန်းခြင်း သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြရာ လှူဒါန်းလိုသည့် နယ်မြေဒေသများအလိုက် သိရှိလိုသည့်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | တိုင်းအစိုးရအဖွဲ့ရုံး | ဗိုလ်မှူးကြီး ကြည်နိုင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၇၁-၂၄၃၀၇<br>၀၉-၄၇၀၇၃၈၉ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဒေါက်တာမြင့်သိန်း | လူမှုရေးဝန်ကြီး | ၀၇၁-၂၄၃၁၃<br>၀၉-၄၇၀၅၄၃၆၄ |
| ၃။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးစိုးစိုးဇော် | အစိုးရအဖွဲ့ အတွင်းရေးမှူး | ၀၇၁-၂၂၅၃၀<br>၀၉-၂၁၃၀၂၂၂ |
| ၄။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးမင်းလွင် | ညွှန်ကြားရေးမှူး | ၀၇၁-၂၄၁၇၀<br>၀၉-၂၀၄၄၆၉၅ |
| ၅။ | တိုင်းဒေသကြီး လူကယ်/ပြန် | ဦးစဝ်လီဖရန့်(စ်) | တိုင်းဦးစီးမှူး | ၀၇၁-၂၃၂၂၁<br>၀၉-၄၇၀၉၃၄၈၀ |
| ၆။ | တိုင်းဒေသကြီး ကုန်သွယ်မြှင့်တင် | ဦးအောင်မောင်း | ညွှန်ကြားရေးမှူး | ၀၇၁-၂၃၆၃၀<br>၀၉-၄၉၂၈၆၇၉၂ |
| ၇။ | ကလေးခရိုင် ခရိုင်ထွေ/အုပ် | ဦးမောင်ထူး | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၃-၂၁၅၀၇<br>၀၉-၄၉၂၈၆၇၉၂ |
| ၈။ | ကလေးဝမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးတင့်နိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၃-၄၄၀၁၆<br>၀၉-၂၂၁၆၃၇၅ |
| ၉။ | မင်းကင်းမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးနေလင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၁၀-၅၉၅၀၅၅၆<br>၀၉-၂၆၀၄၄၄၉၂၂ |
| ၁၀။ | ကသာခရိုင် ခရိုင်ထွေ/အုပ် | ဦးကျော်ကျော်အုန်း | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၅-၂၅၀၀၇<br>၀၉-၃၆၁၀၀၀၆၇ |
| ၁၁။ | ကောလင်းမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးအေးလွင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅-၄၂၀၂၆<br>၀၉-၂၅၉၀၇၂၇၂ |
| ၁၂။ | ရွှေဘိုခရိုင် ခရိုင်ထွေ/အုပ် | ဦးထွန်းလွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၅-၂၁၃၅၀<br>၀၇၅-၂၁၀၁၁<br>၀၉-၆၁၆၀၅၂၆ |
| ၁၃။ | ကန့်ဘလူမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးမျိုးလွင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅-၂၇၀၂၂<br>၀၉-၆၄၆၆၁၄၄ |
| ၁၄။ | ကျွန်းလှမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးသောင်းစိန် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅-၅၉၀၂၇<br>၀၉-၄၀၁၅၈၉၀၀၀ |
| ၁၅။ | ချောင်းဦးမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးလှသိန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၁-၄၅၂၄၄<br>၀၉-၄၉၇၈၄၁၂၃ |
| ၁၆။ | ကနီမြို့နယ် မြို့နယ်ထွေ/အုပ် | ဦးခင်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၉-၄၇၆၀၆၅၈၀<br>၀၉-၄၀၀၅၃၃၄၃၃ |
| ၁၇။ | ဆားလင်းကြီး မြို့နယ်ထွေ/အုပ် | ဦးကျော်သောင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၁-၇၀၀၉၉<br>၀၉-၄၈၀၂၆၁၇၀ |

**ပဲခူးတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | တိုင်းအစိုးရအဖွဲ့ရုံး | ဗိုလ်မှူးကြီး သက်ထွန်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၉-၃၉၁၀၀၉၇၈ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးလှမင်းထွဋ် | အစိုးအဖွဲ့ ခေတ္တအတွင်းရေးမှူး | ၀၉-၅၀၃၆၁၀၁ |
| ၃။ | ပဲခူးခရိုင် ခရိုင်ထွေ/အုပ် | ဦးရဲထွဋ် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၅၀၈၆၆၉၀ |
| ၄။ | တောင်ငူခရိုင် ခရိုင်ထွေ/အုပ် | ဦးကျော်သက် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၂၀၄၅၂၅၁ |
| ၅။ | ပြည်ခရိုင် ခရိုင်ထွေ/အုပ် | ဦးတင်မောင်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၅၃၅၀၇၂၄ |
| ၆။ | သာယာဝတီ ခရိုင်ထွေ/အုပ် | ဦးစန်းလှိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၅၃၆၀၇၆၉ |

**မကွေးတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပွင့်ဖြူမြို့နယ် ထွေ/အုပ်ရုံး | ဗိုလ်မှူးကြီး ဇော်လင်းအောင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၉-၃၉၁၀၁၆၄၉<br>၀၉-၈၅၇၀၁၇၁ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးနေဝင်း | အစိုးအဖွဲ့ အတွင်းရေးမှူး | ၀၉-၅၃၄၁၇၀၃<br>၀၉-၄၇၁၇၂၁၄၆ |
| ၃။ | သရက်ခရိုင် ခရိုင်ထွေ/အုပ် | ဦးတေဇာအောင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၅၃၃၀၆၇၇ |
| ၄။ | မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ထွေ/အုပ် | ဦးခင်မောင်မြင့် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၆၅၆၀၄၀၂ |
| ၅။ | ပခုက္ကူခရိုင် ခရိုင်ထွေ/အုပ် | ဦးကိုကိုလွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၆၅၇၁၂၄၂ |

**ဧရာဝတီတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ကန်ကြီးထောင့်မြို့နယ် | ဦးကိုကိုလတ် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၂-၄၅၁၈၉<br>အိမ်- ၀၄၂-၄၅၁၈၉<br>၀၉-၄၉၅၇၁၈၈၀<br>၀၉-၂၅၁၃၁၃၃၃၉ |
| ၂။ | သာပေါင်းမြို့နယ် | ဦးစိုးမင်းထွဋ် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၂- ၄၃၀၂၅<br>အိမ်- ၀၄၂-၄၃၀၂၄<br>၀၉ -၄၉၃၈၆၅၉၇<br>၀၉-၄၉၂၈၆၅၆၉ |
| ၃။ | ရေကြည်မြို့နယ် | ဦးရဲထွဋ်နိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆- ၅၂၃၇၅<br>အိမ်- ၀၄၆-၅၂၃၇၆<br>၀၉၄၉၅၈၂၉၇၂ |
| ၄။ | ဟင်္သာတမြို့နယ် | ဦးတင်အောင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၄ -၂၁၁၃၉<br>အိမ်- ၀၄၄ -၂၁၀၀၆<br>၀၉၄၉၈၁၈၃၃၃ |
| ၅။ | ဇလွန်မြို့နယ် | ဦးထွန်းဆန်းဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၄-၃၅၀၀၁<br>အိမ်-၀၄၄ - ၃၅၀၀၁<br>၀၉- ၈၅၈၁၈၆၀ |
| ၆။ | မြန်အောင်မြို့နယ် | ဦးမင်းမင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၄- ၅၀၀၇၁<br>အိမ်- ၀၄၄ - ၅၀၃၃၀<br>၀၉-၄၂၂၅၁၁၈၈၈ |
| ၇။ | ကြံခင်းမြို့နယ် | ဦးဖြိုးမင်းထိုက် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၄-၄၀၅၆၉<br>အိမ် - ၀၄၄ -၄၀၂၆၇<br>၀၉-၄၄၉၂၅၃၅၉၅ |
| ၈။ | အင်္ဂပူမြို့နယ် | ဦးလွှမ်းမိုးဟန် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၄ - ၃၀၀၇၅<br>အိမ်-၀၄၄-၃၀၀၇၆<br>၀၉-၄၂၂၄၉၉၉၉ |
| ၉။ | ပန်းတနော်မြို့နယ် | ဦးအေးကိုတင့် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၆- ၃၀၂၃၁<br>အိမ် - ၀၄၆- ၃၀၃၈၃<br>၀၉-၄၃၀၃၄၄၁၂ |
| ၁၀။ | ညောင်တုန်းမြို့နယ် | ဦးသန့်ဇော်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆- ၂၀၃၉၆<br>အိမ်- ၀၄၆- ၂၀၃၉၅<br>၀၉-၈၃၀၂၃၃၉ |
| ၁၁။ | ဓနုဖြူမြို့နယ် | ဦးစောမင်းသူ | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆-၂၅၀၂၀<br>အိမ်- ၀၄၆-၂၅၀၂၀<br>၀၉-၄၅၀၀၅၄၃၆၀<br>၀၉-၄၉၂၉၆၅၈၆ |

## မိုးကြီးနိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်ကြောင်း သိရသည်။

(မိုး/ဇလ)

# ရေနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာ(ဆွယ်)မှ ထွန်စက်များဖြင့် ထွန်ယက်



**မိုးကောင်း ဩဂုတ် ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ လယ်မြေ ၁၂၀၄၂ ဧက ရေနစ်မြုပ်သည့်အနက် ဧက ၈၂၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဟိုပင်မြို့ရှိ အမှတ်(၉၃)စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၀ စီး၊ ရွှေကူမြို့ စက်မှုလယ်ယာ(ဆွယ်)မှ ထွန်စက်ငါးစီးတို့ဖြင့် အချိန်မီ ကူညီထွန်ယက်ပေးလျက်ရှိသည်ဟု သိရသည်။

ဩဂုတ် ၈ ရက် နံနက်က ကြာအင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးလှမောင်ပိုင် လယ်မြေ ၁၅ ဒသမ ၀၇ ဧကကို ထွန်စက်ဖြင့် ထွန်ယက်ရာသို့ ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးတူးမိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

အလားတူ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်း၏ ဦးဆောင်စီမံမှုဖြင့် ဌာနမှ စက်ပြင်ဝန်ထမ်းများက ဩဂုတ် ၈ ရက်အထိ ရေနစ် မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူပိုင် လက်တွန်းထွန်စက် ၄၀ နှင့် ရေစုပ်စက် ၂၀ တို့ကို အချိန်မီပြင်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၀၆၂)**

# CB-KMA Foundation မှ ရခိုင်ဒေသ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ တန်(၁၀၀၀)ဆံ့ MV Amara-7 သင်္ဘောဖြင့် တင်ပို့ပေးနေ

**ရန်ကုန် ဩဂုတ် ၉**

**CB-KMA Foundation မှ ရခိုင်ဒေသ ရေဘေးရှောင်ပြည်သူများအတွက် တန်(၁၀၀၀)ဆံ့ MV Amara-7 သင်္ဘောဖြင့် ရန်ကုန် ရွှေပြည်သာရှိ ရွှေမဲဆိပ်ခံတံတားမှ ရခိုင်ပြည်နယ်သို့ ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် စတင်ပို့ဆောင်သည်။**



CB-KMA Foundation မှ လှူဒါန်းသော အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါး၊ ရေသန့် စသည့် ပစ္စည်းများ၊ အလှူရှင်အသီးသီးများမှတစ်ဆင့် လှူဒါန်းထားသော ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးအတွက် လက်တွန်းထွန်စက် အစီး ၁၀၀၊ World Food Program (WFP)မှ လှူဒါန်းထားသော High Energy ဘီစကွတ်ကွန်တိန်နာခြောက်လုံး၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းက လှူဒါန်းထားသော ကွန်တိန်နာငါးလုံးတို့ကို တင်ဆောင်သွားမည်ဖြစ်သည်။ CB-KMA Foundation အနေဖြင့် အများပြည်သူ လှူဒါန်းထောက်ပံ့သည့် ပစ္စည်းများကိုရခိုင်ဒေသသို့ အဆင်ပြေစွာ ရောက်ရှိနိုင်ရေးအတွက် ရေလမ်းခရီးဖြင့် ဆက်လက်ကူညီပေးပို့သွားမည်ဟု သိရသည်။

ယခင်ရက်များက အရေးတကြီးလိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းလိုင်းဖြင့် တိုက်ရိုက်ပို့ဆောင်ပေးခဲ့ပြီး ဩဂုတ် ၉ ရက်မှ စတင်ကာ အလှူရှင်များ၏ ကူညီထောက်ပံ့ရေးပစ္စည်းများကို ပိုမိုလွယ်ကူစွာနှင့် ပမာဏများပြားစွာ သယ်ယူပို့ဆောင်နိုင်ရန် ယခုကဲ့သို့ တန်(၁၀၀၀)ဆံ့ ကုန်တင်သင်္ဘောဖြင့် သယ်ဆောင်ပေးပို့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

CB-KMA Foundation မှ ဦးစားပေးအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလိုတော်ပြည့် ဆရာတော်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အကူအညီပေးသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် CB Bank ၏ ဘဏ်ခွဲများနှင့် Golden Myanmar Airline ရုံးများသို့ လာရောက်လှူဒါန်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၇၉၉၆၆၁၅၊ ၀၉-၇၃၉၀၂၄၈၇ နှင့် ၀၉-၄၂၀၁၁၇၆၉၆ တို့သို့ ဆက်သွယ်မေးမြန်း၍လှူဒါန်းနိုင်သည်။ **တင်စိုး(မြန်မာ့အလင်း)**

# မောင်တော၌ လျှပ်စစ်ဓာတ်တိုင်များ ပြန်လည်ပြုပြင်ပြီးစီး

**မောင်တော ဩဂုတ် ၉**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း လေဘေးဒဏ်ကြောင့် လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲပျက်စီးခြင်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကြည်ဝင်း ဦးဆောင်ပြီး ဝန်ထမ်းများနှင့် ပုဏ္ဏားကျွန်းမြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး နေ့ရောညပါ ဆောင်ရွက်ခဲ့သည့်အတွက် မောင်တောမြို့နယ်သည် လျှပ်စစ်မီးများ ဩဂုတ် ၉ ရက်ညမှစတင်ပြီး တစ်မြို့လုံး လျှပ်စစ်မီးများ ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ်ကိုလည်း မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ကြီးကြပ်၍ ကျောက်ဖြူခရိုင်မှ လျှပ်စစ်ဝန်ထမ်းများ၊ ဘူးသီးတောင်မြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများပူးပေါင်း၍ ဘူးသီးတောင်မြို့နယ်ကို လျှပ်စစ်မီးများ ပြန်လည်ပေးနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ကန့်ဘလူမြို့နယ်အတွင်း ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများအားပြုပြင်

**ကန့်ဘလူ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လလယ်နောက်ပိုင်း မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ရေတိုက်စားခဲ့၍ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ကန့်ဘလူမြို့နယ် လမ်းဦးစီးဌာနက ယင်းပျက်စီးသွားသော လမ်း၊ တံတားများကို ဒေသခံပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်း စံပါယ်နံ့သာ- ကန့်ဘလူ- ကျွန်းလှ လမ်း၊ မလယ်-ယမနေ-ဇီးကုန်း-ကာဘိုးလမ်းတို့၌ တံတားနှစ်စင်း ရေကျော်တိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှုနှင့် တံတား ၁၀ စင်း၏ ချဉ်းကပ်မြေသား တာပေါင်များ ရေတိုက်စားပျက်စီးခဲ့၍ ၎င်းတို့ကို ပြုပြင်ဆောင်ရွက် ပြီးစီးကြောင်း မြို့နယ်လမ်းဦးစီးဌာန AE ဦးရဲထွန်းအောင်ထံမှ သိရသည်။

ထို့ပြင် မိုးအဆက်မပြတ် ရွာသွန်းရက်များအတွင်း ယာဉ်များသွားလာမှုများပြားသော ရွှေဘို-မြစ်ကြီးနား ကားလမ်း၌ ယာဉ်များတိမ်းရှောင်ရာမှ လမ်းပခုံးမြေသား နိမ့်ကျွံနေသော ဇင်းရွာနှင့် ပန်းကုန်းသာအပိုင်းများတွင်လည်း အမာခံလမ်းပခုံးသားများ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေကြီးနစ်မြုပ်ခဲ့သည့်လယ်မြေများ ပြန်လည်ထူထောင်နိုင်ရေးဆွေးနွေး

**ကောလင်း ဩဂုတ် ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်အဖွဲ့သည် ဩဂုတ် ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ကောလင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိလာခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ လယ်ယာမြေကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဇာတိမာန်ခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကသာ၊ ကောလင်း၊ အင်းတော်၊ ဝန်းသို၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဗန်းမောက်မြို့နယ်များမှ (စက်မှုလယ်ယာမြေစာရင်း လယ်ယာမြေစီမံခန့်ခွဲမှုစိုက်ပျိုးရေး၊ ဆည်မြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)ဦးစီးဌာနများမှ ဦးစီးမှူးများနှင့် တွေ့ဆုံပြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် လယ်ယာမြေများကို ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းဆိုင်ရာများ မိုးစပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခြင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။ **ဦးရဲ(ကသာ)**

# တပ်မတော်မှ ရေဘေးသင့်ဒေသများသို့ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်အနေဖြင့် ရေဘေးသင့်ဒေသများသို့အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခရီးစဉ်များတွင် လှူဒါန်းမှု ငွေကျပ်သိန်း ၉၀၀ ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်များက ဆန်အိတ် ၁၀၄၅ အိတ်၊ နို့ဆီဘူး ၅၀၊ ထင်းကားသုံးစီး၊ မုန့်ငါးဖာ၊ ကုလားပဲ ၁၆ အိတ်၊ ဒီဇယ်ငါးဂါလန်၊ စောင် ၄၉ ထည်၊ ထမင်းဘူး ၂၈၆၇၃ ဘူး၊ ကြက်ဥ ၉၆၉၉ လုံး၊ ငွေ ၁၄၆၈ ၄၂၃၂ ကျပ်၊ အဝတ်အထည်မျိုးစုံပါငါးထုပ်၊ ရေသန့်ဘူးသေး ၁၃၃၂၇ ဘူး၊ ရေသန့်ဘူးကြီး ၁၃၉၂ ဘူးနှင့် ဂါလန် ၆၀၀၀၊ ဆီ ၁၁၄၈ ပိဿာ၊ ဆား ၁၃ အိတ်၊ ခေါက်ဆွဲခြောက် ၂၂၇၂ ဖာ၊ ငါးပိငါးအိတ်၊ အာလူး ၈၃၉ ပိဿာ၊ ကြက်သွန်နီပိဿာ ၅၀၀၊ ငါးခြောက် ၁၀၁ ပိဿာ၊ ငရုတ်သီးခြောက် ၁၈ ပိဿာ၊ ဆီပုံးခွံ ၃၅ လုံး၊ အသားတု ပိဿာ ၁၀၀၊ အသားဘူးသုံးဖာ၊ အသီးအရွက်ဘူးခြောက်ဖာ၊ စည်သွတ်ဘူး ၁၉ ဖာ၊ တီးမစ် ၁၅ ဖာ၊ ငါး ပိဿာ ၇၀ တို့ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ရေသန့်ဘူးသေး ၄၀၀၂ ဘူး၊ ရေသန့်ဘူးကြီး ၂၈ ဘူး၊ ခေါက်ဆွဲခြောက် ၁၀၈ ဖာ၊ စည်သွတ်ဘူး ၁၂၄၇ ဖာ၊ တီးမစ် ၁၀ ဖာ၊ Malta Fresh ၁၃၁ ကတ်၊ Sparkling Lemon ၁၅၃ ဖာ၊ ဘီစကွတ် ၂၄၆ ဖာတို့ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မှ ရေသန့်ဘူးသေး ၇၉၈၀ ဘူး၊ ခေါက်ဆွဲခြောက် ၂၃၇၀ ဖာ၊ အချိုရည် ၁၂၁ ဖာတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း ဆန်အိတ် ၁၀၄၅ အိတ်၊ နို့ဆီဘူး ၅၀၊ ထင်းကားသုံးစီး၊ မုန့်ငါးဖာ၊ ကုလားပဲ ၁၆ အိတ်၊ ဒီဇယ်ငါးဂါလန်၊ စောင် ၄၉ ထည်၊ ထမင်းဘူး ၂၈၆၇၃ ဘူး၊ ကြက်ဥ ၉၆၉၉ လုံး၊ ငွေ ၁၀၄၆၈၄၂၃၂ ကျပ်၊ အဝတ်အထည်မျိုးစုံပါငါးထုပ်၊ ရေသန့်ဘူးသေး ၂၅၃၀၉ ဘူး၊ ရေသန့်ဘူးကြီး ၁၄၂၀ ဘူးနှင့် ဂါလန် ၆၀၀၀၊ ဆီ ၁၁၄၈ ပိဿာ၊ ဆား ၁၃ အိတ်၊ ခေါက်ဆွဲခြောက် ၄၇၅၀ ဖာ၊ ငါးပိငါးအိတ်၊ အာလူး ၈၃၉ ပိဿာ၊ ကြက်သွန်နီပိဿာ ၅၀၀ ၊ ငါးခြောက် ၁၀၁ ပိဿာ၊ ငရုတ်သီးခြောက် ၁၈ ပိဿာ၊ ဆီပုံးခွံ ၃၅ လုံး၊ အသားတုပိဿာ ၁၀၀၊ အသားဘူးသုံးဖာ၊ အသီးအရွက်ဘူး ခြောက်ဖာ၊ အချိုရည် ၁၂၁၊ စည်သွတ်ဘူး ၁၂၆၆ ဖာ၊ တီးမစ် ၂၅ ဖာ၊ ငါးပိဿာ ၇၀ ၊ Malta Fresh ၁၃၁ ကတ်၊ Sparkling Lemon ၁၅၃ ဖာနှင့် ဘီစကစ် ၂၄၆ ဖာတို့ လှူဒါန်းခဲ့ပြီးဖြစ်သည်။

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသောဒေသများသို့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ကူညီထောက်ပံ့ပေးမှုများ

| စဉ် | ရက်စွဲ | နေရာ | တီးမစ် (ဖာ) | စည်သွတ်ဘူး(ဖာ) | ခေါက်ဆွဲခြောက် (ဖာ) | ရေသန့်ဘူး | | Malta Fresh (ကတ်) | Sparkling Lemon (ဖာ) | ဘီစကွတ် (ဖာ) | ကျသင့်ငွေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ၁ လီတာ | ၂၀ လီတာ | | | | | |
| ၁ | ၁၉-၇-၂၀၁၅ | ကန့်ဘလူ | | ၇၀ | | | | | | | ၂၅၂၄၅၀၀ | |
| ၂ | ၂-၈-၂၀၁၅ | စစ်တွေ | | | | ၁၀၀၂ | ၁၀ | ၃၄ | ၅၆ | ၉၀ | ၂၀၆၉၉၀၀ | |
| ၃ | ၂-၈-၂၀၁၅ | ပုဂံ | | ၆၁ | | ၃၀၀၀ | | ၂၅ | ၂၅ | | ၄၀၂၈၆၀၀ | |
| ၅ | ၅-၈-၂၀၁၅ | အင်္ဂပူ | ၁၀ | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၈၆၉၈၀၀ | |
| ၆ | ၅-၈-၂၀၁၅ | အဖျောက် | | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၃၂၇၈၀၀ | |
| ၇ | ၆-၈-၂၀၁၅ | ဟသ်ာတ | | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၂၄၄၇၀၀ | |
| | စုစုပေါင်း | | ၁၀ | ၁၂၄၇ | ၁၀၈ | ၄၀၀၂ | ၂၈ | ၁၃၁ | ၁၅၃ | ၂၄၆ | ၁၉၀၆၅၃၀၀ | |

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသောဒေသများသို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကူညီထောက်ပံ့ပေးမှုများ

| စဉ် | ရက်စွဲ | ဒေသ | ခေါက်ဆွဲခြောက် | | ရေသန့် | | အချိုရည် | | ထောက်ပံ့ငွေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် (ဖာ) | တန်ဖိုး | အရေအတွက် (ကတ်) | တန်ဖိုး | အရေအတွက် (ကတ်) | တန်ဖိုး | | |
| ၁ | ၂၀-၇-၂၀၁၅ | ကန့်ဘလူ | ၄၀၀ | ၁၈၈၀၀၀၀ | | | | | ၁၈၈၀၀၀၀ | နမခတိုင်းမှူးမှတစ်ဆင့် |
| ၂ | ၁-၈-၂၀၁၅ | စစ်တွေ | ၅၀ | ၂၁၁၉၀၀ | | | | | ၂၁၁၉၀၀ | နေပြည်တော် |
| ၃ | ၁-၈-၂၀၁၅ | ညောင်ဦး | ၅၀၀ | ၁၈၉၀၀၀၀ | ၉၆၀ | ၁၅၃၆၀၀ | | | ၂၀၄၃၆၀၀ | မန္တလေး |
| ၄ | ၂-၈-၂၀၁၅ | စစ်တွေ | ၅၀၀ | ၂၀၅၆၀၀၀ | | | | | ၂၀၅၆၀၀၀ | နေပြည်တော် |
| ၅ | ၅-၈-၂၀၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် | ၁၆၈ | ၆၃၈၄၀၀ | | | | | ၆၃၈၄၀၀ | နေပြည်တော် |
| | | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | | | | | | | | |
| ၆ | ၅-၈-၂၀၁၅ | ညောင်တုန်း | ၂၅၂ | ၉၄၅၀၀၀ | ၂၀၀ | ၁၆၀၀၀၀ | | | ၁၁၀၅၀၀၀ | ရန်ကုန်ရုံးချုပ် |
| ၇ | ၅-၈-၂၀၁၅ | အဖျောက်/ဥတို/တိုက်ကြီး | ၅၀၀ | ၁၈၀၀၀၀၀ | ၁၇၀ | ၁၂၇၅၀၀ | ၁၂၁ | ၈၆၄၀၀၀ | ၂၇၉၁၅၀၀ | မင်္ဂလာဒုံလေဆိပ် |
| | | စုစုပေါင်း | ၂၃၇၀ | ၉၄၂၁၃၀၀ | ၁၃၃၀ | ၄၄၁၁၀၀ | ၁၂၁ | ၈၆၄၀၀၀ | ၁၀၇၂၆၄၀၀ | |

## တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)မှ ဆေးကုသပေးမှုအခြေအနေ

| စဉ် | ရက်စွဲ | ဦးစီးခေါင်းဆောင် | မြို့နယ် | လူဦးရေ(လူကြီး) | | | လူဦးရေ(ကလေး) | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | |
| ၁ | ၃-၈-၂၀၁၅ | ဧရခမှ ဒုမှူးကြီးမောင်မောင်မြင့်ဦးစီး(၅+၅၁)ဦး | ဟသ်ာတ | ၁၀၆ | ၂၂၀ | ၃၂၆ | ၂၃ | ၁၇ | ၄၀ | ၃၆၆ | |
| ၂ | ၅-၈-၂၀၁၅ | ဆရက(၁/၁၀၀၀)မှ ဗထွန်းမင်းအောင် ဦးစီး(၃+၆)ဦး၊ | ကြံခင်း | ၈၃ | ၁၅၆ | ၂၃၉ | ၁၁ | ၁၀ | ၂၁ | ၂၆၀ | |
| ၃ | ၆-၈-၂၀၁၅ | သမက(၁/၃၀၀)မှ မှူးလင်းနိုင် ဦးစီး(၁၃+၄)ဦး<br>တရသ(၁)မှ ဗက မင်းဇင် ဦးစီး(၁+၅)ဦး | ကြံခင်း | ၈၇ | ၂၉၅ | ၃၈၂ | ၄ | ၉ | ၁၃ | ၃၉၅ | |
| | | စုစုပေါင်း | | ၂၇၆ | ၆၇၁ | ၉၄၇ | ၃၈ | ၃၆ | ၇၄ | ၁၀၂၁ | |

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွားဆေးရုံ (ရွှေပုစွန်)ရေယာဉ်သည် ရေဘေးသင့်ဒေသများဖြစ်သည့် ဟသ်ာတမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့မှ အမျိုးသား ၂၇၆ ဦး၊ အမျိုးသမီး ၆၇၁ ဦးနှင့် ကလေးသူငယ် ၇၄ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဇူလိုင်လနောက်ဆုံးပတ်က နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာများ ရေနစ်မြုပ်မှုဖြစ်ပွားရာ ပြည်သူများကို မြန်မာ့တပ်မတော်မှ ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကူညီပို့ဆောင်ပေးစဉ်။

ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)



ရန်ကုန်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များ လှူဒါန်းသောပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်ပေးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ - ဇော်မင်းလတ်

# ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကွင်းဆင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၉

**ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် အချို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသည် အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကြီးကြပ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။**



ကလေးမြို့တွင် သန့်ရှင်းရေးနှင့်ရေတွင်းအား ဆေးခတ်ခြင်းဆောင်ရွက်စဉ်။ ဓာတ်ပုံ-ဂျူနိုင်း

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးစတိုနှင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ရေဝင်ရောက်ခဲ့သောဥယျာဉ်ကျစ်နှင့် ကုန်းစောင်းကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအား ကြီးကြပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်နှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များတွင်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာမြသိန်းနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့တွင် လည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါက်တာ သက်သက်မူနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေနှင့် အဖွဲ့သည် ကျောက်တော်မြို့နယ်တွင် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာသီဂီမြင့်နှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာထွန်းတင်နှင့် အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ချင်းပြည်နယ်ဟားခါးမြို့နယ်၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ လှူဒါန်းသောငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ လိမ်းဆေးဘူးများကိုလည်း ထည့်သွင်းဖြန့်ဝေပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့် ဒေသများအလိုက် ဩဂုတ် ၈ ရက်အထိ ဆေးနှင့်ဆေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့ထားမှု စုစုပေါင်းမှာ ကလိုရင်းရေသန့်စင်ဆေးမှုန့် (၅၀ ကီလိုဂရမ်ပုံး) ၂၃၂ ပုံး၊ ဆေးစိမ် ခြင်ထောင် ၃၄၃၀ ထည်၊ ရေသန့်ဆေးထုပ် ၁၄၄၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၆၇၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

**၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | စုဆောင်းပြီးမျိုး | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဒေသတွင်း | | တိုင်းပြင်ပ | | ပေါင်း | |
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | ၁၅၀၀၀ | - | - | - | ၁၅၀၀၀ | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၂၇ | ၂၈၄၈၄ | ၁၂၄၉၂ | ၁၀၀၉၅ | ၃၅၄ | ၁၇၅၀ | ၁၆၀၀ | - | - | ၁၇၅၀ | ၁၆၀၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၉ | ၅၇ | - | - | ၄၅၀၀ | - | - | - | ၄၅၀၀ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | - | ၅၀၀ | - | - | - | ၅၀၀ | - |
| ၅။ | ချင်းပြည်နယ် | ၂၈၉၇ | ၂၄၁၀ | ၂၄၆၇ | ၁၀၄၁ | - | ၁၃၀ | - | - | - | ၁၃၀ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၄၆၉ | ၁၅၃၃၃၆ | ၁၂၂၆၅၀ | ၆၁၄၁၀ | ၂၄၂၅ | ၄၀၈၅၀ | - | - | ၆၆၀၀၀ | ၄၀၈၅၀ | ၆၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - | ၁၀၀ | - | - | - | ၁၀၀ | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၅၀၀၀၀ | ၁၉၄၆၇၂ | ၅၆၀၄၀ | ၁၅၆၆၃ | - | ၅၀၀၀၀ | ၂၅၀၀၀ | - | - | ၅၀၀၀၀ | ၂၅၀၀၀ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၆၄၉၀၀ | ၈၃၀၇၀ | ၉၁၁၆၈ | ၅၈၅၀၅ | - | ၆၄၉၀၀ | ၁၀၀၀၀ | ၁၀၁၀၀ | - | ၇၅၀၀၀ | ၁၀၀၀၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၀၀၀၀ | ၃၅၀၃ | ၂၄၄ | ၁၄ | ၅ | ၃၀၀၀၀ | - | - | - | ၃၀၀၀၀ | - |
| ၁၁။ | မွန်ပြည်နယ် | ၁၆၃၂၀ | ၁၃၀၁၀ | ၃၉၀ | - | - | ၁၆၃၂၀ | - | - | - | ၁၆၃၂၀ | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၁၇၂၄၆ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၄၂၅၉ | ၇၂၅ | ၂၁၇၂၄၆ | - | - | - | ၂၁၇၂၄၆ | - |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၇၇၆၉၉ | ၃၁၆၀၉ | ၁၅၄၅၁ | ၅၀၅ | ၁၃ | ၃၈၇၀၀ | - | - | - | ၃၈၇၀၀ | - |
| ၁၄။ | ရှမ်းပြည်နယ် | ၁၁၁၆၇ | ၁၀၆၁၇ | ၂၀၆၆ | ၉၄၀ | ၁၂၆ | ၁၄၀၀၀ | ၁၀၀၀၀ | - | - | ၁၄၀၀၀ | ၁၀၀၀၀ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၈၆၅၇ | ၇၇၃၃၀ | ၆၄၄၂၇ | ၄၅၄၁၉ | - | ၄၅၀၀၀၀ | - | - | - | ၄၅၀၀၀ | - |
| | ပြည်ထောင်စုချုပ် | ၁၂၈၀၉၃၂ | ၈၉၀၅၄၄ | ၆၄၁၂၂၂ | ၄၀၇၉၂၅ | ၃၆၄၈ | ၉၄၃၉၉၆ | ၄၆၆၀၀ | ၁၀၁၀၀ | ၆၆၀၀၀ | ၉၅၄၀၉၆ | ၁၁၂၆၀၀ |

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၉**

ရေဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်က ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေ ကြောင်းလိုင်း၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် FMI လေကြောင်းလိုင်းတို့မှ ခေါက်ရေငါးခေါက်ဖြင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ ဆေးမျိုးစုံတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းတို့မှ ခေါက်ရေကိုးခေါက်ဖြင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့်လူ သုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသုံးဆီ၊ စားသောက်ကုန်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် မီးစက်များကို လည်းကောင်း ပေးပို့လျက်ရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များက အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်နေ့တွင် အဝတ်အထည် ၂၂ အိတ်၊ ခေါက်ဆွဲခြောက် ၉၅ ပုံး၊ ကြာဆံငါးပုံး၊ စားသောက်ကုန် ၁၄ ဖာ၊ ရေသန့် ၁၉၀ ကတ်၊ ဆန်အိတ် ၃၀၊ ရေသန့် ၁၂ လုံးပါကတ် ၁၂၀၀၊ မီးဖိုချောင်သုံးပစ္စည်း တစ်ဖာတို့ကိုလက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ကလေးမြို့၌ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

**ကလေး ဩဂုတ် ၉** - ကလေးမြို့၌ ဇူလိုင် ၂၈ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၃ ရက်နောက်ပိုင်းမှ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ရေပြန်ကျသွားပြီဖြစ်ခြင်းကြောင့် နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုမရှိစေရေး တစ်အိမ်တက်တစ်အိမ်ဆင်းလိုက်လံ၍ ရေတွင်းရေကန်များအတွင်း ကာကွယ်ဆေးများ ထည့်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြို့ပေါ်မှာ ရေပြန်ကျတော့ ရေတွင်းရေကန်တွေအားလုံးမှာ မကောင်းတဲ့ရေတွေဝင်ရောက်တယ်။ အဲ့ဒီရေတွေကို ရေစုပ်စက်တွေနဲ့စုပ်ထုတ်ပြီး ကလိုရင်းဆေးကိုထည့်ပေးရပါတယ်။ ရေကြီးပြီး နောက်ဆက်တွဲရောဂါတွေဖြစ်ပွားမှုမရှိအောင် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကျန်းမာရေးဆရာမတစ်ဦးက ပြောကြားသည်။ **နေစု (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများ၏ ရေအမှတ်များ

**နေပြည်တော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နန်ကသူ၊ ကွန်ချောင်း၊ မမြနှင့် ကညင်ရေလှောင်တမံများ၏ ရေအမှတ်အခြေအနေများကို ဇယားဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့်ရေအမှတ် | ၉-၈-၂၀၁၅ ရက် မွန်းတည့် ၁၂ နာရီရေအမှတ် |
|---|---|---|---|
| ၁ | နန်ကသူရေလှောင်တမံ | ၂၆၀. ၀၀ | ၂၅၉. ၂ |
| ၂ | ကွန်ချောင်းရေလှောင်တမံ | ၂၇၇. ၀၀ | ၂၇၇. ၇ |
| ၃ | မမြရေလှောင်တမံ | ၃၁၅. ၀၀ | ၃၁၅. ၂ |
| ၄ | ကညင်ရေလှောင်တမံ | ၂၈၈. ၀၀ | ၂၈၉. ၂ |

# ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ(၈-၈-၂၀၁၅)

| စဉ် | မြို့နယ် | သေဆုံး | | ပျောက်ဆုံး | | ရေဘေးသင့်အိမ်ထောင်စု | ရေဘေးသင့်လူဦးရေ | ရေမြှုပ်/ရေဝင | | | | | ပြိုကျ/ပျက်စီး | | | | | | | | ခန့်မှန်းပျက်စီးဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လူ | ကွဲ/နွား | လူ | ကွဲ/နွား | | | အိမ် | ကျောင်း | ဘုန်းကြီးကျောင်း | အဆောက်အအုံ/အခြား | လယ်/ယာ(ဧက) | အိမ် | ကျောင်း | ဘာသာရေးအဆောက်အအုံ | အဆောက်အအုံ/အခြား | ဆည် | တံတား | လမ်း | လယ်/ယာ(ဧက) | | |
| | ဟားခါးခရိုင် | ၃ | - | - | - | - | - | - | - | - | - | - | ၄၂၄ | ၉ | ၁၀ | ၁၂ | - | ၂၃ | ၁၉ | ၂၈၂ | ၃၅၇၆. ၇၄၆ | |
| ၁ | ဟားခါး | ၃ | - | - | - | - | - | - | - | - | - | - | ၄၂၂ | ၉ | ၁၀ | ၁၁ | - | ၂၁ | ၁၈ | ၂၂၇ | ၃၅၅၂. ၄၆၉ | |
| ၂ | ထန်တလန် | - | - | - | - | - | - | - | - | - | - | - | ၂ | - | - | ၁ | - | ၂ | ၁ | ၅၅ | ၂၄. ၂၇၇ | |
| | ဖလမ်းခရိုင် | ၁ | ၁၀ | - | ၅၄ | ၃၉၅ | ၂၄၅၉ | ၆၇ | - | - | - | ၉၁၈ | ၄၈၃ | ၁၄ | ၆ | ၁၁ | ၃ | ၂၆ | ၆၂ | ၆၅၆ | ၄၂၂၆. ၇၇၄ | |
| ၃ | ဖလမ်း | - | - | - | - | ၆၃ | ၃၄၅ | - | - | - | - | - | ၈၀ | ၄ | ၂ | ၁ | - | ၁၃ | ၂၉ | ၂၀၄ | ၁၁၆၀. ၅၉၆ | |
| ၄ | တီးတိန် | - | ၁၀ | - | ၅၄ | ၂၁၉ | ၁၄၁၉ | - | - | - | - | - | ၂၆၈ | ၄ | ၄ | ၅ | ၃ | ၂ | ၂၃ | ၄၄၈ | ၁၉၀၉. ၉၀၈ | |
| ၅ | တွန်းဇံ | - | - | - | - | ၁၁၃ | ၆၉၅ | ၆၇ | - | - | - | ၉၁၈ | ၁၃၅ | ၆ | - | ၅ | - | ၁၁ | ၁၀ | ၄ | ၁၁၅၄. ၈၇ | |
| | မင်းတပ်ခရိုင် | - | - | - | - | ၈၈၄ | ၄၂၁၅ | ၃၀၅ | ၁၁ | - | - | ၉၉၇. ၅၀ | ၉၀၅ | ၂၆ | - | ၅ | - | ၂၄ | ၂၄ | ၇၆၉ | ၂၇၂၃. ၅၄၄ | |
| ၆ | မင်းတပ် | - | - | - | - | ၅၆ | ၂၆၀ | - | - | - | - | ၂၃၀. ၀၀ | ၆၇ | ၃ | - | ၁ | - | ၁ | ၁၀ | ၂၂၁ | ၁၀၃၈. ၃၀၁ | |
| ၇ | ကန်ပက်လက် | - | - | - | - | ၂၉ | ၁၉၉ | ၂၀ | ၄ | - | - | ၄၈၉. ၅၀ | ၃၉ | ၂ | - | - | - | ၂ | ၄ | ၃၅၅ | ၃၃၀. ၂၂၈ | |
| ၈ | မတူပီ | - | - | - | - | ၃၅ | ၁၄၇ | - | - | - | - | - | ၃၅ | ၇ | - | ၄ | - | ၂ | ၇ | - | ၄၉၉. ၆၀၀ | |
| ၉ | ပလက်ဝ | - | - | - | - | ၇၆၄ | ၃၆၀၉ | ၂၈၅ | ၇ | - | - | ၂၇၇. ၀၀ | ၇၆၄ | ၁၄ | - | - | - | ၁၉ | ၃ | ၁၉၃ | ၈၅၅. ၄၁၅ | |
| | ပြည်နယ်ချုပ် | ၄ | ၁၀ | - | ၅၄ | ၁၂၇၉ | ၆၆၇၄ | ၃၇၂ | ၁၁ | - | - | ၁၉၁၅. ၅ | ၁၈၁၂ | ၄၉ | ၁၆ | ၂၈ | ၃ | ၇၃ | ၁၀၅ | ၁၇၀၇ | ၁၀၅၂၆. ၆၆၄ | |

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၉ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၉

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၉ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၂၆၉၀၈ စုမှ လူဦးရေ ၁၀၁၆၁၆၇ ဦး ရေဘေးသင့်ခဲ့ပြီး ၉၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၇၅၅၂၀၈၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၂၃၉၉၆၃၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၃၃၇၅၉၁၈၆ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၄၀၀၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၈၈၆၂၆၃၆၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့ထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ရှေ့ဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၉ ရက်နေ့ထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၉၁၆၁ | ၁၄၇၃၅၆ | ၇ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၀၄၇၉၀၀ | ၇၀၀၀၀၀ | ၆၉၀၃၀၆၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၉၀ | ၁၀၄၃ | ၆၉၀၁ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၆၇၆၃၉၅၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၆၉၁၀၂၈၈ | ၈၀၀၀၀၀ | ၂၉၃၉၀၄၃၈ | |
| ၅။ | ချင်းပြည်နယ် | ၁၁၁၉ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၇၈၁ | ၃၈၉၀ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၆၅၀၄၅၀၀ | - | ၃၂၅၂၉၈၀ | - | ၉၇၅၇၄၈၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၆၄၆၄ | ၆၃၂၈၀ | ၂ | - | - | - | ၁၇၉၉၉၈၂၀ | - | ၁၇၉၉၉၈၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၁၇ | ၃၀၈၀၄၈ | ၂ | - | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၅၆၀၂၃၃၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၁၈ | ၈၂၃၆၄ | ၃၃၁၉၉၆ | - | ၁၄၇၂၆၇၀၀ | - | - | ၃၇၀၇၂၈၀ | - | ၁၈၄၃၃၉၈၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၇၅ | ၆၁၄၃ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | ပေါင်း | ၁၄၇၉၄ | ၂၀၉၅၆၃ | ၁၀၀၁၂၅၆ | ၉၂ | ၇၁၉၇၃၅၀၀ | ၂၀၂၀၃၅၅၀ | ၁၀၆၆၅၀၀၀၀ | ၂၁၈၀၅၃၆၀၆ | ၇၇၀၀၀၀၀ | ၄၂၄၅၈၀၆၅၆ | |
| | ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း | ၁၅၁၉၉ | ၂၁၁၇၀၉ | ၁၀၁၆၁၆၇ | ၉၉ | ၇၅၅၂၀၈၅၀ | ၂၃၉၉၆၃၃၀ | ၁၄၆၉၅၀၀၀၀ | ၂၃၃၇၅၉၁၈၆ | ၈၄၀၀၀၀၀ | ၄၈၈၆၂၆၃၆၆ | |

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၈ ရက်နှင့် ဩဂုတ် ၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ပါရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်သတင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ "အစား" အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(သတင်းစဉ်)**

## ရေကျသွားပြီဖြစ်၍ ကလေးမြို့တွင် သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကလေး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရေများတဖြည်းဖြည်းပြန်လည်ကျဆင်းခဲ့ရာ ရေနစ်မြုပ်ခဲ့သည့်ရုံးများ၊ စာသင်ကျောင်းများ၊ ဈေးဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံဖြစ်ပွားခဲ့စဉ် မြို့တော်ခန်းမအပါအဝင် မြို့ပေါ်ဌာနဆိုင်ရာ အဆောက်အအုံ ၂၂ ရုံး၊ စာသင်ကျောင်းများ၊ ဈေးဆိုင်များ၊ လူနေအိမ်များနှင့် လယ်ယာများ ရေနစ်မြုပ်ခဲ့ရာ ဩဂုတ် ၅ ရက်မှစ၍ နုန်းမြေများ ပြန်လည်ဖယ်ရှားခြင်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ ကလေး-ကလေးဝ ကားလမ်းပိုင်း လမ်းပန်းဆက်သွယ်မှု အမြန်ကောင်းမွန်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

## ကျောက်တော်မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျောက်တော် ဩဂုတ် ၉**

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ဖြစ်ပွားခဲ့သော လေပြင်းမုန်တိုင်းနှင့် ရေလွှမ်းမိုးမှုတို့ကြောင့် ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက်၌ တယ်လီဖုန်းတိုင်များနှင့် လျှပ်စစ်မီးတိုင်များ ပြိုလဲခဲ့ရသည်။ ယခုအခါ ရေကြီးမှုများ မုန်တိုင်းများ ပြီးဆုံးသွားသဖြင့် ပြိုလဲခဲ့သော တယ်လီဖုန်းတိုင်အချို့ကို ဆက်သွယ်ရေးဝန်ထမ်းများနှင့် လုပ်သားပြည်သူများက ဩဂုတ် ၈ ရက်တွင် ပြန်လည်စိုက်ထူ လျက်ရှိကြောင်း တွေ့ရှိရသည်။

အချို့နေရာများတွင် သစ်ပင်များ ပြိုလဲလျက် ကမ်းနားလမ်းတစ်လျှောက်တွင် သစ်ပင်များ လမ်းပေါ်၌ ပြိုလဲနေသည်ကို တွေ့ရှိရပြီး စည်ပင်ဝန်ထမ်းများနှင့် လုပ်သားပြည်သူများက ခုတ်ထွင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ကျောက်တော်မြို့နယ်၌ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ရေဘေးသင့်ပြည်သူများအား ဝေငှရန် အဖွဲ့အစည်းများက ပေးပို့လှူဒါန်းသော ဆန်နှင့်စားနပ်ရိက္ခာပစ္စည်းများ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ စားဝတ်နေရေးအခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိရာ အဖွဲ့အစည်းများက ပေးပို့သော ဆန်နှင့်စားနပ်ရိက္ခာများကို ခေါင်းတုတ်ကျေးရွာသို့ပေးပို့ရန် တပ်မတော်သားများက ဩဂုတ် ၇ ရက်က မော်တော်ယာဉ်များဖြင့် ပို့ဆောင်နေကြောင်း သိရှိရသည်။

အလားတူ ရွှေပြည်ကျေးရွာ ရေဘေးသင့်ပြည်သူများထံ ဝေငှရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများက ဩဂုတ် ၆ ရက်က လုပ်အားပေး ပြောင်းရွှေ့ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံကို ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် ဩဂုတ် ၉**

စကော့လူမျိုး ဗိသုကာ ဂျွန်ဘာ့ဂ် ဒီဇိုင်းရေးဆွဲခဲ့ကာ ၁၉၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၂ ခုနှစ်တွင် ပြီးစီးခဲ့သည့် ဗြိတိသျှအစိုးရ၏ သန်းခေါင်စာရင်းနှင့် ပြန်တမ်းများကိုပုံနှိပ်ခဲ့ရာ အဆောက်အအုံတစ်ခုဖြစ်သော ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ ရှိ ယခု ပြန်ကြားရေးဝန်ကြီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ်အပြာရောင် ကမ္ပည်းတပ်ဆင်ပေးခဲ့သည်။




အဆိုပါအဆောက်အအုံကို လွတ်လပ်ရေးရရှိပြီးအချိန်နှင့် ဆိုရှယ်လစ်ခေတ်တို့တွင် ဗဟိုပုံနှိပ်စက်ရုံအဖြစ် ထပ်မံတိုးချဲ့ခဲ့ပြီး ဝန်ကြီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများက မှာယူသည့်စာအုပ်၊ စာတမ်းလိုအပ်ချက်များကိုပြည့်မီအောင် ရိုက်နှိပ်ပေးခဲ့သည်။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဖွဲ့စည်းပြီးနောက် ခေတ်မီပုံနှိပ်စက်များမှာယူ၍ ယနေ့တိုင် ပုံနှိပ်ထုတ်ဝေလျက်ရှိသော်လည်း မူလလက်ရာမပျက် အခိုင်အခန့်တည်ရှိနေဆဲ အဆောက်အအုံတစ်ခုဖြစ်သည်။

ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲမှူး ဦးဇော်မင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကဲ့သို့ စာအုပ်၊ စာပေနှင့်သက်ဆိုင်သည့်လုပ်ငန်းများအတွက် နေရာစီစဉ်ဖန်တီးပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက အစပျိုးဆောင်ရွက်ပေးသည်ကို YHT အနေဖြင့် ကြိုဆိုပါကြောင်း ဒေါက်တာသန့်သော်ကောင်းက ပြောသည်။

ထို့နောက် YHT ၏ အကြီးတန်းဗိသုကာ Mr. David Gole က ဗဟိုပုံနှိပ်စက်ရုံ၌ ဆောင်ရွက်သွားမည့် အဆိုပြုလိုသည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ ဗဟိုပုံနှိပ်စက်ရုံ၌တပ်ဆင်သည့် အပြာရောင်ကမ္ပည်းပြားသည် ရန်ကုန်မြို့ပြဧရိယာအတွင်း သတ္တမမြောက် တပ်ဆင်ခြင်းဖြစ်သည်။ အပြာရောင်ကမ္ပည်းပြားဆိုသည်မှာ လူအများနှင့် သက်ဆိုင်သောနေရာများတွင် အဆိုပါနေရာများနှင့် ဆက်စပ်နေသည့် သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များအကြောင်းကို ဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိမည့် အထိမ်းအမှတ်ကမ္ပည်းပြား ဖြစ်သည်။

အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းများအနက်



တစ်ခုဖြစ်ကြောင်း၊ အများပြည်သူက အဆိုပါကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ လေ့လာနိုင်ကြောင်းကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust-YHT) က သတင်းထုတ်ပြန်ထားသည်။

၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့သော YHT သည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များအား ခြုံငုံပြီး စနစ်တကျစီမံခန့်ခွဲသည့် ထိန်းသိမ်းစောင့်ရှောက်ရေးကို အားပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် ဇွန်လမှစ၍ Royal Philips Corporation နှင့် YHT တို့ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် အပြာရောင်ကမ္ပည်းပြားများကို တပ်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးအား ဂျပန်နိုင်ငံက ဖူကူအိုကာ အာရှယဉ်ကျေးမှုဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၉**

ဒေါက်တာ သန့်မြင့်ဦးအား ဂျပန်နိုင်ငံကပေးအပ်သည့် ဖူကူအိုကာ အာရှယဉ်ကျေးမှုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။




ဆုချီးမြှင့်ပွဲတွင် ဖူကူအိုကာမြို့တော်ဝန် Mr. Soichiro Takashima က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖူကူအိုကာမြို့တော်နှင့် ဖူကူအိုကာဆုအကြောင်း ရှင်းပြ၍ ဆုရရှိသူ ဒေါက်တာသန့်မြင့်ဦးအား ဖူကူအိုကာ အာရှယဉ်ကျေးမှုဆုကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ichiro Maruyama တို့ကလည်း ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကြရာ ဒေါက်တာသန့်မြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်၏ မြေးဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်၌ အဆင့်မြင့် နိုင်ငံတကာလေ့လာမှုသင်ကြားခဲ့ပြီး နိုင်ငံတကာဆက်ဆံရေး ပညာသဘောတရားနှင့် နိုင်ငံတကာ ဘောဂဗေဒမဟာဘွဲ့ကို ရရှိခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်တစ်ဦးအနေနှင့် ကမ္ဘောဒီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့၌ ငြိမ်းချမ်းရေးတည်ဆောက်မှု လှုပ်ရှားဆောင်ရွက်မှုများတွင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သမိုင်းပညာပါရဂူဘွဲ့ကို ရရှိခဲ့သည်။

ဒေါက်တာ သန့်မြင့်ဦးသည် မြန်မာနိုင်ငံသမိုင်းကို နိုင်ငံတကာအမြင်ဖြင့် ရှင်းလင်းစွာ ခွဲခြမ်းစိတ်ဖြာပြီး အနုပညာမြောက်စွာ ဖော်ထုတ်ရေးသားခဲ့သည့် ထူးချွန်သော သမိုင်းပညာရှင်တစ်ဦးဖြစ်သည်။ ကုလသမဂ္ဂတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များမှရရှိခဲ့သော အတွေ့အကြုံများကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိစ္စရပ်များကို ဖော်ဆောင်ရာတွင်လည်း ပါဝင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။

၂၀၀၀ပြည့်နှစ်တွင် ပထမဦးဆုံး ရေးသားခဲ့သော "The Making of Modern Burma" ဝတ္ထုတွင် အမျိုးသားရေးဆိုင်ရာ ထင်ရှားသော လက္ခဏာများနှင့် လက်ရှိအမျိုးသားရေးနောက်ခံ အခြေအနေသည် ဗြိတိသျှကိုလိုနီခေတ် ၁၉ ရာစုနောက်ပိုင်းတွင် ဖြစ်တည်လာခဲ့သည်ဟုရေးသားခဲ့ရာ လူအများ၏အာရုံစိုက်မှုကိုရရှိခဲ့သည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင် "ခြေရာပျောက်မြစ်" စာအုပ်တွင် ၎င်းမိသားစုဇာတ်ကြောင်းအပါအဝင် မြန်မာနိုင်ငံရှိ လူအများ၏ သမိုင်းကြောင်းကို အရင်းခံကာ နိုင်ငံ့သမိုင်းကို ဘက်ပေါင်းစုံမှ သရုပ်ဖော်ရေးသားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးထုတ်ဝေခဲ့သော "တရုတ်နှင့် အိန္ဒိယဆုံမှတ်-မြန်မာနိုင်ငံနှင့် အာရှ၏လမ်းဆုံလမ်းခွသစ်များ" စာအုပ်တွင် အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နီးစပ်ဆက်သွယ်နေသော မြန်မာနိုင်ငံသမိုင်းအား ဝေးလံခေါင်ဖျားဒေသများရှိ နယ်စပ်ဒေသများနှင့် လူ့အဖွဲ့အစည်း၏ အခြေခံ၊ လူအများ၏ ရှုထောင့်များမှ ပြန်လည်သုံးသပ်ကာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် ဆက်လက်လုပ်ဆောင်နေသော ထူးခြားဖြစ်စဉ်များကို ရေးသားခဲ့သည်။ အဆိုပါစာအုပ်ကို ဂျပန်ဘာသာပြန်ဆိုကာ ၂၀၁၄ ခုနှစ် (၂၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ အထူးဆု (Mainichi သတင်းစာတိုက်၊ အာရှသုတေသနဌာနပူးတွဲထောက်ပံ့)ဆုကို ရရှိခဲ့သည်။

ဒေါက်တာ သန့်မြင့်ဦးသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို တည်ထောင်ပြီး ဥက္ကဋ္ဌအဖြစ်နှင့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်အဆောက်အအုံများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းအားထုတ်၍ မြို့ပြစီမံကိန်းနှင့်ပတ်သက်၍ အကြံပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေး ကောင်စီဝင်တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၏ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်၍ ၂၀၁၅ ခုနှစ် မတ်လတွင် အစိုးရနှင့် တိုင်းရင်းသားလူမျိုးများအကြား အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုမှုတွင် များစွာ အထောက်အပံ့ပြုခဲ့သည်။

ယနေ့ မြန်မာနိုင်ငံသည် အာရှတွင် အာရုံအစိုက်ခံရဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများ၏ အနာဂတ်ဖွံ့ဖြိုးမှုများအတွက် စီမံခန့်ခွဲမှုများ၊ ဆယ်စုနှစ်တော်တော်များများ တံခါးပိတ်ဝါဒကြောင့် နောက်ကျကျန်ရစ်ခဲ့သည့် လုပ်ငန်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရသော အချိန်တွင် ဒေါက်တာသန့်မြင့်ဦးအနေဖြင့် ပြည်သူများ၏ဆန္ဒကို ကိုယ်စားပြုကာ နိုင်ငံတကာပတ်ဝန်းကျင်နှင့် ထိတွေ့စေခဲ့သည်။ ထိုကဲ့သို့ အာရှနှင့် လူ့ဘောင်အဖွဲ့အစည်းများအတွက် အများနှင့်မတူဘဲ ထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖူကူအိုကာဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်မီဒီယာများ တက်ရောက်ကြသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ရေဘေးသင့်ဒေသအတွက် ထောက်ပံ့အလှူငွေပေးအပ်

**တပ်ကုန်း ဩဂုတ် ၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းညှိနှိုင်းခြင်းနှင့် ရေဘေးသင့်ဒေသအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေခေါင်းဆောင်သည့် တပ်ကုန်းမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၆ သိန်းကို မြန်မာပြည်တစ်ဝန်းတွင် ကြုံတွေ့နေရသော သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် တပ်ကုန်းမြို့နယ် လူငယ်များဦးဆောင်သော မေတ္တာရိပ်လူမှုကူညီရေးအသင်းသို့ ပေးအပ်လှူဒါန်းသည်။

**တင်စိုးလွင်**

# ပြည်တွင်းစားသုံးရန် ဆန်လုံလောက်သောပမာဏရှိပြီး ရေဘေးသင့်မြို့နယ်များတွင် ဖွင့်လှစ်မည့် ဆန်လက်ကားဆိုင်များ၌ ဈေးနှုန်းအရင်းဖြင့် ရောင်းချပေးမည်၊ ဆန်ဈေး ဆီဈေးတက်မည်ဆိုပြီး စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းစရာမလို

မေးမြန်း-ဟန်နီဝင်း » ဓာတ်ပုံ-ထိန်နန်နော်

**ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် ကုန်ဈေးနှုန်းမတည်ငြိမ်မှုများမဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်သည့် အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့ပြီး ကုန်သည်အသင်းအဖွဲ့များ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များလည်း တက်ရောက်ခဲ့သည်။**

ထိုအစည်းအဝေးက ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်ဟုလည်း သိရှိရသည်။

"အခုဆိုရင် ရေဘေးသင့်ဒေသတွေမှာ ဆန်လက်ကားဆိုင်ဖွင့်ဖို့ စီစဉ်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် မုံရွာနဲ့ ရွှေဘိုမြို့၊ မကွေးတိုင်းဒေသကြီးမှာဆိုရင် မကွေးမြို့၊ မင်းဘူးမြို့နဲ့ ပွင့်ဖြူမြို့၊ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှာ ပြည်မြို့နဲ့ နတ်တလင်းမြို့၊ မန္တလေးတိုင်းဒေသကြီးမှာ မန္တလေးမြို့ဟောင်းဂိုဒေါင်၊ ရန်ကုန်မှာ ဝါးတန်းလမ်းကုန်စည်ဒိုင်နဲ့ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရခိုင်ပြည်နယ်မှာ စစ်တွေ ကုန်သည်ကြီးများအသင်း စုစုပေါင်း ဆန်လက်ကားဆိုင် ၁၁ ဆိုင်ဖွင့်လှစ်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်။

"သက်သက်သာသာနဲ့ ရောင်းချပေးမှာပါ။ ရောင်းချမယ့်နေရာဒေသတွေမှာ သယ်ယူစရိတ်အနည်းအများရှိတဲ့အတွက် ဈေးနှုန်းက အနည်းငယ်ကွာခြားနိုင်ပါတယ်။ ဒါပေမယ့် အမြတ်မယူပါဘူး။ ဈေးရင်းအတိုင်း ရောင်းချပေးသွားမှာပါ။

"ဒီဒေသတွေမှာ ဈေးနှုန်းပုံမှန်နဲ့ မူလအခြေအနေရောက်တဲ့အထိ ရောင်းချပေးသွားမှာပါ။ ကျွန်တော်တို့ နိုင်ငံရဲ့ တစ်လဆန်စားသုံးမှုဟာ တန်ချိန် ရှစ်သိန်းရှိပါတယ်။ ကျွန်တော်တို့ပြည်တွင်းမှာ စားသုံးဖို့ လုံလောက်တဲ့ပမာဏ ရှိပါတယ်။ ပြီးတော့ ထပ်မံလိုအပ်ခဲ့ရင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်အတွက် အရန်ဆန်တွေ ထားတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေဟာ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရင် ကူညီရမယ်ဆိုတဲ့ ကတိကဝတ်လည်းရှိပါတယ်"ဟု ပြောပြသည်။

ယခု သဘာဝဘေးဒဏ်ကြောင့် မိုးစပါးပျက်စီးမှုဧကသည် ၁ ဒသမ ၃ သန်းခန့် ရှိသည်ဟုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ထိုသို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုပမာဏနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှု ပမာဏအပေါ် ဦးအောင်သန်းဦးက "မြန်မာနိုင်ငံရဲ့ နွေစပါး၊ မိုးစပါးစိုက်ပျိုးမှုဧကဟာ သန်း ၂၀ ရှိပါတယ်။ စိုက်ပျိုးဧက ၁ ဒသမ ၃ သန်းခန့် ပျက်စီးတယ်လို့ သိရပါတယ်။ ဒီထဲက ဧက ခုနစ်သိန်းလောက် ပြန်ပေါ်တယ်လို့လည်း သိရပါတယ်။ ပျက်စီးမှုဟာ သုံးသိန်းကျော်လောက်ပဲရှိပါတယ်။ ကျွန်တော်တို့ မနှစ်က ဆန် ၁ ဒသမ ၈၇ သန်း ပြည်ပကို တင်ပို့ခဲ့ပါတယ်။ ပြည်ပတင်ပို့တာကို စိုက်ဧကနဲ့ ပြောမယ်ဆိုရင် စိုက်ဧကနှစ်သန်းလောက်က ထွက်တဲ့ဆန်ကို တင်ပို့နေတာပါ။ အခုအချိန်က စပါးစိုက်ချိန်ဆိုတော့ သက်ငယ်စပါးမျိုးတွေ ပြန်လည်စိုက်ပျိုးဖို့လည်း အချိန်ရပါသေးတယ်။ စိုက်ပျိုးဧကတွေက များပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးထားတဲ့ ဧကနဲ့ ထုတ်လုပ်မှုကိုကြည့်ရင် လာမယ့်နှစ်မှာ ပြည်ပတင်ပို့မှု လျော့သွားနိုင်တာမျိုးကလွဲလို့ ပြည်တွင်းအတွက်က လုံလောက်မှုရှိပါတယ်" ဟုလည်း ပြောသည်။

ဆန်ဈေးနှုန်းများ တည်ငြိမ်စေရန်နှင့် ဈေးနှုန်းမြင့်မားမှုများ မဖြစ်ပေါ်စေရန် အရန်ဆန်များ ထားရှိမည်ဟုသိရှိရပြီး ရန်ကုန်မြို့တွင် ဆန်အိတ်ရေ ငါးသောင်း၊ မန္တလေးမြို့တွင် ဆန်အိတ်ရေ ငါးသောင်း၊ မြောင်းမြမြို့နှင့် ကျိုက်လတ်မြို့များတွင် ဆန်အိတ် သုံးသောင်းစီနှင့် နေပြည်တော်တွင် ဆန်အိတ်ရေတစ်သောင်း စုစုပေါင်း ဆန်အိတ် တစ်သိန်းခုနစ်သောင်းကို ထားရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။


ဦးအောင်သန်းဦး


ဦးသိန်းဟန်


ဦးတိုးအောင်မြင့်

"ပြည်ပတင်ပို့မှုနဲ့ ပတ်သက်ပြီး ဆန်တင်ပို့မှုကို ယာယီရပ်ဆိုင်းထားပါတယ်။ ဒီနေ့မှာလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အတက် ၁၆ မိုင်ဂိတ်က ဖြတ်သန်းသွားမယ့် ဆန်ကားတွေကို ရှေ့ဆက်ပြီး မူဆယ်အထိ တင်ပို့မှုကိုလည်း ယာယီရပ်ဆိုင်းထားပါမယ်။ ဒီလို ဆန်တင်ပို့မှုအတွက် ဂိတ်အထိ ရောက်ရှိလာတဲ့ ယာဉ်အမှတ်၊ ကုန်သည်စသဖြင့် အားလုံးကို မှတ်တမ်းထားပါမယ်။ အခု ယာယီရပ်ဆိုင်းရတာက ကျွန်တော်တို့ အားလုံးက ရေဘေးသင့်ပြည်သူတွေအတွက် ဈေးနှုန်းကြီးမြင့်တာမျိုးမရှိအောင် ဝိုင်းဝန်းဆောင်ရွက်ဖို့ တစ်ခုပါ။ ကုန်သည်ညီနောင်တွေ၊ အသင်းအဖွဲ့တွေ၊ လုပ်ငန်းရှင်တွေအားလုံးက ပါဝင်ဆောင်ရွက်ပေးပါလို့လည်း တိုက်တွန်းချင်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။

**ရေဘေးသင့် မြို့နယ်များတွင် ဖွင့်လှစ်မည့် ဆန်လက်ကားဆိုင်များတွင် ဆန်များကို ဈေးနှုန်းရင်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ဆန်လက်ကားဆိုင်များတွင် အခြေခံစားသောက်ကုန်များကိုပါ ပူးတွဲရောင်းချသွားမည်ဟုလည်း သိရှိရသည်။**

"ကျွန်တော်တို့ အသင်းဝင်တွေအနေနဲ့ကတော့ ပြည်သူတွေ အဓိကစားသုံးတဲ့ ပဲလေးမျိုးဖြစ်တဲ့ စားတော်ပဲ၊ ပဲကတ္တီပါ၊ ထောပတ်ပဲ၊ ကုလားပဲတွေကို ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အရောင်းဖွင့်မယ့်နေရာတွေမှာ တွဲပြီး သက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးသွားမှာပါ" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က ဆိုသည်။

"လက်ရှိ ပြည်တွင်းမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးတွေ ကျဆင်းသွားမယ်လို့ မှန်းဆပါတယ်။ ကျွန်တော်တို့ လက်ရှိဈေးကွက်အနေအထားအရ ပြည်တွင်းစားသုံးမှုလုံလောက်ပြီး ပိုလျှံနိုင်ပါတယ်။ ပြည်ပကို တင်ပို့ဖို့ ကန့်သတ်တာမျိုးမရှိပါဘူး။ ဈေးကွက်အခြေအနေအရ ပြည်ပဈေးကွက်နဲ့ ပြည်တွင်းဈေးကွက် ကိုက်ညီမှုမရှိလို့ မတင်ပို့တာပါ။ ပြည်သူတွေ အခြေခံစားကုန်တွေ မလုံမလောက်ဖြစ်မှာ မစိုးရိမ်ပါနဲ့။ အခြေခံစားကုန်တွေအနေနဲ့ ရန်ကုန်မှာ ကုန်စည်စီးဆင်းမှုရော နယ်ကကုန်စည်စီးဆင်းမှုရော ပုံမှန်အနေအထားပါ။ ကျွန်တော်တို့အနေနဲ့လည်း ရေဘေးသင့်ဒေသတွေမှာ ဖွင့်လှစ်မယ့် ဆန်အရောင်းဆိုင်တွေမှာ ငရုတ်၊ ကြက်သွန်၊ အာလူးစတဲ့ အခြေခံစားကုန်တွေကို တွဲပြီးဖွင့်နိုင်ဖို့ စီစဉ်သွားမှာပါ။ ဈေးရင်းအတိုင်းရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ။ ပြည်တွင်းမှာ အခြေခံစားကုန်တွေ လုံလုံလောက်လောက် ရှိနေတယ်၊ ပစ္စည်းရှားပါးဖို့၊ ပြတ်လပ်မှာတို့ မရှိနိုင်ဘူးဆိုတာ ပြည်သူတွေ သိစေချင်ပါတယ်။ ကျွန်တော်တို့ ရေဘေးသင့်ဒေသတွေမှာရှိတဲ့ ကုန်စည်ဒိုင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်သွားပါမယ်"ဟု မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်က ဆိုသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်ကလည်း "ဆန်ဈေးတက်သွားမယ်၊ ဆီဈေးတက်သွားမယ်ဆိုပြီး စိုးရိမ်စိတ်နဲ့ ကျန်တဲ့ဒေသတွေက ဝယ်ပြီး စုဆောင်းစရာမလိုပါဘူး။ ကျွန်တော်တို့မှာ ဆန်၊ ဆီကအစ အခြေခံစားသောက်ကုန်အထိ လုံလုံလောက်လောက်ရှိပါတယ်။ တကယ်လို့ ကျွန်တော်တို့ ပြည်တွင်းစားသုံးမှုနဲ့ မနိုင်ခဲ့ရင် ပြည်ပကနေ တင်သွင်းပါမယ်။

"ဒီလိုဆောင်ရွက်တာကလည်း အဆင်ပြေအောင် ဆောင်ရွက်တာပဲဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုကို မထိခိုက်အောင်လို့ ခေတ္တသာတင်သွင်းမှာပါ။ ကျွန်တော်တို့ ဈေးမတက်အောင် နည်းမျိုးစုံနဲ့ ထိန်းသိမ်းပြီးဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ ကုန်သည်/စက်မှုအသင်းချုပ်နဲ့ အတူ ဂီတအစည်းအရုံးတို့၊ အနုပညာအသိုင်းအဝိုင်းတို့၊ ဈေးတွေက ပြည်သူတွေကလည်း လာရောက်ပူးပေါင်းလှူဒါန်းတာတွေ ရှိပါတယ်။ ပစ္စည်းစာရင်း၊ ငွေစာရင်းစသဖြင့် လှူဒါန်းတာတွေကို စာရင်းပြုစုထားပါတယ်။ ဒါတွေက အခု အရေးပေါ်ကာလ လှူဒါန်းမှုတွေပါ။

"နောက်ပိုင်းမှာလည်း ရေဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလည်း လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမယ်။ ကျန်တဲ့ အသင်းအဖွဲ့တွေအားလုံးနဲ့လည်း ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် ရေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်ပေါင်း ၁၉၀၀၀၊ ဆီ တစ်လီတာဘူး ၂၆၀၀၀ ကျော်၊ ရေသန့်ဘူး တစ်လီတာဘူး ၂၁၀၀၀ ကျော်၊ ခေါက်ဆွဲခြောက်ထုပ် တစ်သိန်းကျော်၊ အမိုးအကာနှင့် အခင်းအဖြစ်ပါ အသုံးပြုနိုင်သည့် မိုးကာချပ် ၇၇၈ ချပ်၊ ဆေး ခြောက်မျိုးပါ အထုပ်ပေါင်း ၆၆၀၀၊ ရေသန့်ဆေးပြား တစ်သိန်း၊ ပဲကတ္တီပါ တစ်ပိဿာထုပ် ၆၀၀၀၊ ခြံစောင် တစ်ယောက်အိပ် ၂၀၀၀၊ နှစ်ယောက်အိပ် ၂၀၀၀၊ ရေစုပ်စက် ၁၇ လုံး၊ ငါးသေတ္တာဘူးကြီး ၈၀၀၀ ကျော် စုစုပေါင်း တန်ဖိုးအားဖြင့် သိန်းပေါင်း သုံးထောင့်သုံးရာဆယ့်နှစ်သိန်းကျော် ပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

သဘာဝဘေးကျရောက်မှုနှင့်အတူ သဘာဝဘေးဒဏ်ခံ ဒေသများတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ထိုသို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က "မြန်မာနိုင်ငံကနေ နှစ်စဉ်ဆန်တန်ချိန် နှစ်သန်းနီးပါး ပြည်ပသို့ တင်ပို့ပါတယ်။ ဒီနှစ် တန် ၂၀၀ တင်ပို့ပြီးသွားပါပြီ။ မနှစ်က တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်တော့ တင်ပို့မှုများပါတယ်။ ဒီကာလမှာတော့ ဆန်တင်ပို့မှုတွေကို ယာယီအနေနဲ့ ရပ်ဆိုင်းထားပါမယ်။ တစ်ဖက်ကလည်း ဆန်ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ပါမယ်။ ဒီနေ့ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီကစပြီး မန္တလေးဘက်က ၁၆ မိုင်ဂိတ်ကစပြီး ယာယီဆန်တင်ပို့တာ ရပ်တန့်ဖို့ မေတ္တာရပ်ခံ ဆောင်ရွက်သွားပါမယ်။ ဒါကလည်း ခေတ္တယာယီပဲဖြစ်ပါတယ်။ အခြေခံစားကုန်တွေ၊ ဆန်၊ ဆီကအစ ဈေးကွက်ရဲ့ supply နဲ့ demand မျှအောင် သက်ဆိုင်ရာ ဆန်ကုန်သည်အသင်းတွေ၊ ဆီကုန်သည်အသင်းတွေနဲ့ တခြားအခြေခံစားကုန် အသင်းအဖွဲ့တွေအားလုံးနဲ့ ဆောင်ရွက်နေပါတယ်"ဟု ပြောပြသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနပိုင် ရေဘေးသင့်ဒေသတွေ၊ အဆောက်အအုံတွေ၊ သိုလှောင်ရုံတွေကို ရေဘေးသင့်ပြည်သူတွေအတွက် အသုံးပြုမယ်ဆိုရင် အခမဲ့အသုံးပြုနိုင်အောင် စီစဉ်ထားပါတယ်။ ပြည်သူတွေက ကိုယ်ရဲ့ဆန်တွေ၊ စပါးတွေ ရေလွတ်ရာမှာ ထားချင်တယ်ဆိုရင်၊ ဆန်စပါးအသင်းချုပ်ရဲ့ဆန်တွေ ထားချင်တယ်ဆိုရင် အသုံးပြုနိုင်ပါတယ်။ ရေဘေးသင့်ဒေသတွေက ကျွန်တော်တို့ ဝန်ထမ်းတွေကလည်း ရေဘေးသင့်ဒေသတွေမှာ ဆန်ဆိုင်တွေဖွင့်တဲ့အခါ နေရာထိုင်ခင်း အခက်အခဲဖြစ်ရင်၊ သယ်ယူပို့ဆောင်ရေးအခက်အခဲတွေ ဆက်သွယ်ရေးအခက်အခဲတွေရှိရင်လည်း ကူညီဆောင်ရွက်ပေးသွားမှာပါ။

"ရေဘေးသင့်ဒေသတွေက ပြည်သူတွေအတွက် ကူညီထောက်ပံ့ရေးတွေနဲ့အတူ ရေရှည်မှာလည်း တခြားဒေသတွေလို ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူစားသုံးနိုင်ရေးဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတကာကလာတဲ့ အကူအညီတွေဟာ နယ်စပ်ဂိတ်တွေကတစ်ဆင့် လာမယ်ဆိုရင် လွယ်ကူမြန်ဆန်စွာနဲ့ ရေဘေးသင့်ပြည်သူတွေထံ ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။

"လက်ရှိကျွန်တော်တို့ ဆောင်ရွက်မှုတွေအပေါ်မှာ အကြံပေးပြောကြားချင်တာရှိရင်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနကို ဆက်သွယ်ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ဘက်ကနေ ဆောင်ရွက်ပေးပါမယ်" ဟု လည်း ဆက်လက်ပြောကြားခဲ့သည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်တွင် နေပြည်တော် အလှူခံဌာန၌ လှူဒါန်းငွေရရှိမှုမရှိကြောင်း သိရသည်။

ဩဂုတ် ၉ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၆၅၆၉၀၀ နှင့် အလှူပစ္စည်းမျိုးစုံ၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း အလှူငွေကျပ် ၁၀၀၀၀၀ နှင့်အလှူပစ္စည်းမျိုးစုံတို့ကို စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၉ ရက်အထိ အလှူခံရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၅၂၈၁၂၇၅၀ နှင့် အမေရိကန်ဒေါ်လာ ၆၅၅၀၊ ထိုင်းဘတ် ၅၀၂၀၀ ၊ မလေးရှားရင်းဂစ် ၂၀၀၀ တို့ဖြစ်သည်။ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**(မိုး/ဇလ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၈ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၆၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၅၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၇၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၂၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂. ၁၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၈၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၉၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၁၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၆၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၃၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၆၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၂။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၇၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၅၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၅၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၈၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆. ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၁၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၁၀' |
| ၃၄။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၈၀' |
| ၃၆။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၇။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၆၀' |
| ၃၈။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၁၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၅၉ | ၁. ၈၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၃ | ၁. ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၉၀၀ | ၂၇. ၅၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၀၂၀ | ၆. ၄၇' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆. ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၃၁၇ | ၂၁. ၂၆' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၀၅၅ | ၅. ၂၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၃၉၄ | ၁. ၃၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၃၉၃၇၂ | ၁. ၂၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၈၇၀၄၇ | ၃၃. ၀၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၆၁၉ | ၁၂. ၉၅' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၇၇၂ | ၂၁. ၇၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၈၁၆၀ | ၁၂. ၁၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၉၄၀ | ၄. ၃၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၆၈၀၀ | ၈၈. ၄၀' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၃၃၉၉ | ၅၉. ၄၀' |
| ၂၂။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၇၁၈၀၉ | ၀. ၃၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃၉၉၉၄ | ၁. ၀၀' |

(သတင်းစဉ်)

## ဟသ်ာတမြို့၌ ဧရာဝတီမြစ်ရေ နှစ်ရက်ဆက်တိုက်ကျဆင်းလာ

ဟသ်ာတ ဩဂုတ် ၉

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၀ ပေ အထက် ၄၈ ဒသမ ၁၅ ပေသို့ ကျော်လွန်ရောက်ရှိနေရာမှ ဩဂုတ် ၈ ရက် သန်းခေါင်ယံအချိန်က စတင်ကျဆင်းလျက်ရှိရာ ဩဂုတ် ၉ရက်နံနက် ၆နာရီအထိ ၄၇ ဒသမ ၃၅ ပေသို့ ကျဆင်းလာကြောင်း သိရသည်။

မြစ်ရေကျဆင်းလာမှုကြောင့် ဟသ်ာတမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ရေနစ်မြုပ်ပြည်သူများ နေရပ်သို့ ပြန်လည်ရွှေ့ပြောင်းမှုများ မရှိသေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မြစ်ရေကြီးမှုအခြေအနေ

**စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့နှင့်ဇလွန်မြို့တို့၌ နှစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်ပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

နေပြည်တော် ဩဂုတ် ၉

ယနေ့မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာမည်။

ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ကယားပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**







**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ပေါက်တောတိုးချဲ့)၊ မြေကွက်အမှတ် (၁၃/က)၊ ဧရိယာ ၀ဒသမ၀၇၁ဧက၊ နှစ် ၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးလှမြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၃၇၇၅/၂၀၁၅)တင်ပြ၍ ဒေါ်ခင်နှင်းယု ၈/ဆမန(နိုင်) ၀၀၈၄၁၅အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုပါက အထောက်အထားမှုရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၇/၅ (ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀ဒသမ၁၂၈ဧက၊ နှစ် ၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုးပိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၄၂၈၅/၂၀၁၅)တင်ပြ၍ ဒေါ်ချိန်တွမ်ရှမ်း ၁၃/ကခန(နိုင်)၀၄၉၁၂၂အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမှုရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အမည်မှန်**

မော်လမြိုင်မြို့၊ ဦးခင်မောင်ဖြူ ၇/ဒဥန(နိုင်)၀၅၁၆၀၄၏သမီး အထက (၇)၊ တက္ကသိုလ်ဝင်တန်း(SE)မှ မအေးဖြူဇင်၏ အမည်မှန်မှာ မအေးဖြူစင် ၇/ဒဥန(နိုင်) ၁၆၄၉၈၀ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**

ဦးစိုင်းနောင့် ၁၃/မကန(နိုင်)၀၁၂၂၅၈၏သား သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ စိုင်းထက်မြတ်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၃-၂၀၀၂ ဖြစ်ပါသည်။

❒ ကျောဖုံးမှ

ခြေချင်းဆိုင်ကြသော်လည်း ဒုတိယအချီ၌ ဒိုးလေး၏ညာခြေကန်ချက်ကြောင့် ကျော်ဝင်းအောင် ပြိုလဲခဲ့ပြီး ဒိုးလေးအနိုင်ရရှိသွားသည်။ ရန်တိုင်းအောင်(အလင်းရောင်)က သူရအောင်(နဂါးနီ)ကို ဒုတိယအချီ ၅၄ စက္ကန့်၌ အလဲထိုးအနိုင်ရရှိသွားသည်။ အောင်မြင်သူ(ဝါဆို)နှင့် ဇွဲလင်းအောင်(နဂါးနီ)တို့ပွဲကလည်း အသွားအပြန်ထိမိကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ လက်ဝှေ့ပရိသတ်များ စောင့်စားနေကြသည့် ဖိုးသော်(အဖြူရောင်သွေးသစ်) မြန်မာနှင့်စောနီကိုး (သတ္တိ)ဂျာမနီတို့ပွဲဖြစ်သည်။ ဖိုးသော်က ပထမအချီ၌ လက်သီးတွဲလုံးများ တရစပ် စောနီကိုးမျက်နှာကို ထိမိသော်လည်း စောနီကိုးဒူးတိုက်ချက်၊ လက်သီးများကြောင့် ဒုတိယအချီ၌ ဖိုးသော်ပြန်လည်ခံခဲ့ရသည်။ တတိယအချီတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကာ အလူးအလဲဖြင့်ပူးတွဲသရေကျခဲ့သည်။

တစ်ဖန် လေးချီစိန်ခေါ်ပွဲတွင် ချတ်ချိုင်း(နဂါးနီ)က စောသူရိန်(သတ္တိ)ကို ပထမအချီတွင် အနိုင်ရရှိခဲ့ပြီး စောဌေးတင်(ငြိမ်းချမ်းရေး)နှင့်ရှမ်းကြီး(အဖြူရောင်သွေးသစ်)တို့ အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာမီဒီယာ ဂရု(ပ်)က လက်ဝှေ့ကလပ်များသို့ တစ်နှစ်အတွက် ဆန်ဖိုးငွေကျပ် ၂၆၄၀၀၀ ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် သတ္တိကလပ်မှ ငွေကျပ် ၂၆၄၀၀၀၊ စောနီကိုး(သတ္တိ)ဂျာမနီက ထိုးကြေးနှင့် ဒိန်းမတ်မှ နီကိုလိုင်းက မြန်မာ့ရိုးရာလက်ဝှေ့ပြသသည့် ဆုကြေးများကို မြန်မာမီဒီယာဂရု(ပ်)ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**အေကေလင်း**

✻ ကျောဖုံးမှ

ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းသော်လည်း ကစားကွက်တည်မရဖြစ်နေ၍ ထိုင်းအသင်းအလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာ မြန်မာအသင်းအမှားကို စောင့်ကစားခဲ့ပြီး အနိုင်ဂိုးများကို မိနစ် ၈၀ တွင် နတ်တီပေါင်နှင့် ၈၂ မိနစ်တွင် ဂျင်နာဝပ်တို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်ရောက်ခဲ့ပြီး ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# ချောင်းဖြတ်ကူးစဉ် ရေစီးဖြင့်မျောပါကာ ရေနစ်သေဆုံး

**နေပြည်တော်　ဩဂုတ်　၉**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မလူလာကျေးရွာ တာပိန်မြစ်ချောင်းခွဲ၌ ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရေနစ်သေဆုံးသူ အမျိုးသမီးနှစ်ဦး၏ အလောင်းကိုဆယ်ယူထားကြောင်း သတင်းအရ ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူများမှာ အဆိုပါကျေးရွာနေ မချောခိုင် (၁၄ နှစ်) နှင့် မအေးမိုး(၁၄ နှစ်)တို့ဖြစ်ပြီး ၄င်းတို့နှစ်ဦးသည် တစ်ရွာတည်းနေ မောင်အောင်ကျော်ဦး (၁၁ နှစ်)နှင့်အတူ တာပိန်မြစ်တစ်ဖက်ကမ်းသို့ ခရီးသွားကောက်ပြီးအပြန် တာပိန်မြစ်ချောင်းခွဲကိုဖြတ်ကူးစဉ် မချောခိုင်နှင့် မအေးမိုးတို့ ရေစီးဖြင့်မျောပါသွားကာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ဗန်းမော်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## နိုင်ငံတကာသတင်း




# နျူလက်နက်ကင်းမဲ့ရေး အာဘေး ကတိပေး

**တိုကျို　ဩဂုတ်　၉**

နာဂါစကီမြို့တော်ကို ဗုံးကြဲခံရခြင်း နှစ် (၇၀) မြောက် အထိမ်းအမှတ်အဖြစ် တနင်္ဂနွေနေ့က ကျင်းပရာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံကို နျူလက်နက်ကင်းမဲ့နိုင်ငံဖြစ်ရေး ထပ်မံ၍ ကတိကဝတ်ပြုခဲ့သည်။

ပြီးခဲ့သောသီတင်းပတ် ဟီရိုရှီးမားနှစ်ပတ်လည်နေ့က အဆိုပါ ကတိမျိုး မပေးခဲ့ခြင်းအပေါ် ဝေဖန်မှုများရှိနေသည်။

"စစ်ကာလအတွင်း ကမ္ဘာပေါ်မှာ နျူလက်နက်နဲ့ တိုက်ခိုက်ခံရတဲ့ တစ်ခုတည်းသော နိုင်ငံအဖြစ် ကျွန်တော်တို့ ခံစားခဲ့ရပြီး နျူလက်နက်ကင်းမဲ့တဲ့ ကမ္ဘာဖြစ်ဖို့ ကတိပေးပါတယ်။ နျူလက်နက်မပြန့်ပွားရေး အခြေခံမူသုံးခုကိုလည်း လိုက်နာကျင့်သုံးပါမယ်"ဟု အာဘေးက ပြောခဲ့သည်။

အဆိုပါ အခြေခံမူ သုံးခုမှာ ဂျပန်နိုင်ငံအနေဖြင့် နျူလက်နက်မပိုင်ဆိုင်ရေး၊ နျူလက်နက်မထုတ်လုပ်ရေး၊ နိုင်ငံအတွင်း နျူလက်နက်တင်သွင်းခွင့်မပြုရေးတို့ ဖြစ်သည်။

**(ရိုက်တာ)**

# တရုတ်အရှေ့ပိုင်း တိုင်ဖွန်းမုန်တိုင်းဝင် အနည်းဆုံး ရှစ်ဦးသေဆုံး

**ဖူကျန်း　ဩဂုတ်　၉**

တရုတ်နိုင်ငံ အရှေ့ပိုင်းသို့ တနင်္ဂနွေနေ့က အားပြင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်ခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးခဲ့ပြီး လေကြောင်းခရီးစဉ်များစွာ ဖျက်သိမ်းကာ လူဦးရေ ၁၆၃၀၀၀ ကျော် ဘေးကင်းရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း ဆောဒီလော တိုက်ခတ်မှုကြောင့် စနေနေ့ အစောပိုင်းက လူခြောက်ဦးသေဆုံးခဲ့သည်။ ယင်းမုန်တိုင်းသည် ထိုင်ဝမ် ရေလက်ကြားကိုဖြတ်၍ စနေနေ့ နှောင်းပိုင်းတွင် ပြည်မကြီးရှိ ဖူကျန်းပြည်နယ်သို့ ဝင်ရောက်ခဲ့သည်။

မုန်တိုင်းသည် အိမ်နီးချင်း ကျိကျင်းနှင့် ကျန်ရှီပြည်နယ်များသို့ ဆက်လက်ဝင်ရောက်ပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်အားပျော့သွားလိမ့်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက သတင်းဖော်ပြသည်။

ယင်းမုန်တိုင်းကြောင့် မိုးသည်းထန်ပြီး ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ကာ ဟန်ကျိုးမြို့တွင် လူရှစ်ဦးသေဆုံးခဲ့ကြောင်း စီစီတီဗွီနိုင်ငံပိုင် ရုပ်မြင်သံကြားတွင် သတင်းဖော်ပြသည်။

လမ်းများပေါ်၌ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကာ မော်တော်ယာဉ်များ တစ်ဝက်တစ်ပျက် ရေကြီးနစ်မြုပ်နေသည့်ပုံများကို အဆိုပါရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါ မုန်တိုင်းကြောင့် ဖူကျန်းပြည်နယ်မှ လူပေါင်း ၁၆၃၀၀၀ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ အိမ်ထောင်စုနှစ်သန်းကျော် ဓာတ်အား ပြတ်တောက်မှုနှင့် ရင်ဆိုင်ရကြောင်း၊ လေယာဉ်ခရီးစဉ် ၅၃၀ ကျော် ဖျက်သိမ်းခဲ့ရကြောင်း၊ အမြန်ရထားခရီးစဉ် ၁၉၀ ကျော်လည်း ရပ်ဆိုင်းထားရကြောင်း သတင်းတွင် ဖော်ပြသည်။

**(ရိုက်တာ)**




တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
0973001453, 0930775232, 503472 တွင် ဖွင့်လှစ်မည့်သင်တန်းများ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| မြို့လယ်ကျောင်း | | |
|---|---|---|
| **Basic English Speaking** | | |
| 10-11:30 | (Mon ~ Thurs) | 12 Aug |
| 9 - 12:00 | (Sat + Sun) | 16 Aug |
| 1 - 2:30 | (Mon ~ Thurs) | 17 Aug |
| 1 - 2:30 | (Mon ~ Thurs) | 24 Aug |
| **Basic Four Skills English** | | |
| 3:30 - 5 | (Mon ~ Thurs) | 10,17 Aug |
| 6 - 7:30 | (Mon ~ Thurs) | 10 Aug |
| 7:30-10:30 | (Sat + Sun) | 15 Aug |
| 1 - 4:00 | (Sat + Sun) | 16,22 Aug |
| 10-11:30 | (Mon ~ Thurs) | 17,24 Aug |
| 1 - 2:30 | (Mon ~ Thurs) | 18 Aug |
| 3:30 - 5 | (Mon ~ Thurs) | 24 Aug |
| **Vocab Enrichment** | | |
| 10-11:30 | (Mon ~ Thurs) | 17 Aug |
| 1 - 4:00 | (Sat + Sun) | 12 Sep |
| **Pre-Intermediate (4-Skill English)** | | |
| 9 - 12:00 | (Sat + Sun) | 16 Aug |
| 1 - 2:30 | (Mon ~ Thurs) | 18 Aug |
| 10-11:30 | (Mon ~ Thurs) | 7 Sep |
| 7:30 - 9 | (Mon ~ Thurs) | 23 Sep |
| **Intermediate (Academic English)** | | |
| 9 - 12:00 | (Sat + Sun) | 23 Aug |
| 10-11:30 | (Mon ~ Thurs) | 7 Sep |
| **Basic Grammar** | | |
| 10-11:30 | (Mon ~ Thurs) | 31 Aug |
| **Intermediate Grammar** | | |
| 7:30 - 9 | (Mon ~ Thurs) | 24 Aug |
| **Basic Writing** | | |
| 10-11:30 | (Mon ~ Thurs) | 24 Aug |
| 12 - 3:00 | (Sat + Sun) | 5 Sep |

| လှည်းတန်းကျောင်းခွဲ | | |
|---|---|---|
| **Basic English Speaking** | | |
| 7:30 - 9 | (Mon ~ Thurs) | 10 Aug |
| 10-11:30 | (Mon ~ Thurs) | 17 Aug |
| 1 - 2:30 | (Mon ~ Thurs) | 17 Aug |
| **Basic Four Skills English** | | |
| 1 - 2:30 | (Mon ~ Thurs) | 17 Aug |
| 3:30 - 5 | (Mon ~ Thurs) | 17 Aug |
| 12 - 3:00 | (Sat + Sun) | 22 Aug |
| 10-11:30 | (Mon ~ Thurs) | 24 Aug |
| **Basic Grammar** | | |
| 7:30-10:30 | (Sat + Sun) | 13 Sep |
| **Pre-Intermediate (4-Skill English)** | | |
| 7:30-10:30 | (Sat + Sun) | 23 Aug |
| 10-11:30 | (Mon ~ Thurs) | 2 Sep |
| **Intermediate (Academic English)** | | |
| 12 - 3:00 | (Sat + Sun) | 12 Sep |
| **IELTS Four Skills** | | |
| 12:30 - 3:30 | (Sat + Sun) | 12 Sep |
| **IELTS (Preparation)** | | |
| 7:30-9:30 | (Mon ~ Thurs) | 14 Sep |
| 1 - 3:30 | (Mon ~ Thurs) | 21 Sep |
| **IELTS (Speaking)** | | |
| 7:30 - 9 | (Mon ~ Thurs) | 14 Sep |
| **IELTS (Reading)** | | |
| 7:30-9:30 | (Mon ~ Thurs) | 10 Aug |
| **IELTS (Writing)** | | |
| 7:30 - 9 | (Mon ~ Thurs) | 7 Sep |
| **IELTS (Grammar)** | | |
| 10-11:30 | (Mon ~ Thurs) | 14 Sep |

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဦးကျော်ဝင်း ၇/တငန(နိုင်)၀၉၇၉၆၉ ၏ နိုင်ငံကူးလက်မှတ် M.825056 သည် ၂၉-၇-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၈၇၀၄၂**

**ဖခင်အမည်မှန်**
နေပြည်တော် သပြေပင်ကျေးရွာကျောင်း အထက (၃)တွင် ပညာသင်ကြားနေသော မအေးမြတ်မွန် တက္ကသိုလ်ဝင်တန်း (SE) မှ ဖခင်ဦးထွန်းအောင်၏ အမည်မှန်မှာ ဦးထွန်းမောင် ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**
ယာဉ်အမှတ် ၈ဆ/၁၈၈၁၊ ZMH Super L/T (ZMM.02)၊ P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၉/ကပတ(နိုင်)၀၇၂၇၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4H/2819 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက် ယသဝတီ (၁၆)လမ်း၊ အမှတ် (၁၀၆၇)၊ လေးလွှာ(ဒါဘာ)ဟုခေါ်တွင်သော အကျယ် (၁၈ ပေ×၅၇ပေ)ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချနိုင်သူဟု ဝန်ခံကတိပြုသူ ဦးရဲကျော်သူ ၇/ပတတ(နိုင်)၀၇၃၈၀၀ထံမှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
**ဦးကောင်းမြတ်အောင် ၈/မကန(နိုင်)၁၆၂၃၅**
**အမှတ် (၃၀/ပ ထပ်)၊ သရဝဏ်ရိပ်သာ (၂)လမ်း၊**
**လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

လဝန်းအိမ်
ပို့စ်မော်ဒန် သတ္တိသမီး
လုံးချင်းဝတ္ထုသစ်ထွက်ပါပြီ
(မြန်မာဝတ္ထုတိုတစ်ပုဒ်နှင့်
English ဝတ္ထုတိုတစ်ပုဒ်
(Bonus)ပါရှိသည်။)
ဖြန့်ချိရေး - စာပေလောက (၆)

**မွေးသက္ကရာဇ်မှန်**
ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာနေ ဦးစိုးနိုင်-ဒေါ်မြော်စီတို့၏ သမီး ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော မမေဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၁၉၉၅ ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုထက်ထက်ကဲသောင်း ၁၂/အစန(နိုင်)၀၂၅၀၁၁ ၏ CDC NO. 37060 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၇၂၅၂၅**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
(၉)ရပ်ကွက်၊ ကလောမြို့၊ ပေ(၁၀၀)ပတ်လည်၊ တိုက်တစ်လုံး၊ (၁၀)ပေပတ်လည် ဆိုင်ခန်းနှစ်ခန်း၊ အုတ်တံတိုင်းခတ်ပြီး၊ ရေ၊ မီးအစုံ။
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၁၄၀၂၊ ၀၉-၈၇၆၂၆၄၅၊ ၀၉-၄၅၀၀၃၃၉၇၂**

**အမြန်ဆက်သွယ်ရန်**
ကွယ်လွန်သွားပြီဖြစ်သော ဒေါ်သန်းဝင်း(ထက်-အုပ်ငြိမ်း)၏ လုပ်သက်ဆုကြေးငွေနှင့် မိသားစုပင်စင်ကိစ္စကို ဆောင်ရွက်နိုင်ရန် ခင်ပွန်းဦးထွန်းအုံ့ကျော်(သား)မောင်ဇော်မင်းထက်နှင့် မောင်ဟိန်းထက်တို့အနေဖြင့် (၁၅)ရက်အတွင်း ဆက်သွယ်ကြပါရန်။
**မနှင်းဆီဝေ　ဖုန်း-၀၉-၂၅၆၃၆၆၁၂၀**

# ကျွန်တော်နဲ့ စစ်တွေ



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

အမှန်တော့ အခုဆောင်းပါးရဲ့ ခေါင်းစဉ်ကို ကျွန်တော်နဲ့မြောက်ဦးလို့တပ်ဖို့ အစီအစဉ်ရှိခဲ့ပါတယ်။ ကျွန်တော်တို့မိသားစုသုံးဦးစလုံး သိပ်ရောက်ချင်တဲ့နေရာ၊ ဒါပေမယ့်အဆင်မပြေခဲ့ဘူး။ တစ်လောက ညှော်ခံပွဲတစ်ခုမှာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနဲ့တွေ့တော့ သူက မြောက်ဦးအကြောင်း ပုံစံအမျိုးမျိုးနဲ့ချီးကျူးခဲ့တာမို့ သွားချင်တဲ့စိတ်တွေက ပိုများလာခဲ့တယ်။ သမီးကလည်း ကျောင်းပိတ်ရက် မြန်မာပြည်ရောက်နေတုန်းပို့ပေးမယ်လို့စဉ်းစားခဲ့တာ။ တိုက်ဆိုင်ချင်တော့ ၂၀၁၅ ခုနှစ်အတွက် B2B မဂ္ဂဇင်းကအဖွဲ့သားတွေနဲ့ (Better Future Better Myanmar-BFBM) ပိုမိုကောင်းမွန်တဲ့အနာဂတ်၊ ပိုမိုကောင်းမွန်တဲ့မြန်မာ ဆိုတဲ့ဆောင်ပုဒ်နဲ့ ရန်ကုန်မြို့အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ရှစ်မြို့မှာလုပ်ဖို့ အစီအစဉ်ရေးဆွဲခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ရန်ကုန်မှာ နှစ်ကြိမ်၊ မန္တလေးမှာ နှစ်ကြိမ်ဟောပြောခဲ့ပြီး မော်လမြိုင်ကိုတော့ မရောက်ဖြစ်ခဲ့ဘူး။ ဒီတစ်ခေါက်က စစ်တွေ၊ နောက်မှာတော့ မုံရွာ၊ ပခုက္ကူနဲ့ တောင်ကြီးမြို့တွေမှာ ကျင်းပဖို့စီစဉ်ထားတာ။ ဒီပွဲတွေရဲ့ ဦးတည်ချက်က လူငယ်တွေအတွက်ရည်ရွယ်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်က ပိုကောင်းရမယ်။ ပိုပြီးလှပရမယ်။ အခုချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေနဲ့ ပတ်သက်ပြီး မရေရာမှုတွေ၊ မသေချာမှုတွေ ရှိနေတယ်။ အခြေအနေတွေဟာ စိတ်ပူစရာ၊ စိုးရိမ်စရာရှိနေတယ်လို့ ပြောကြတယ်။ သုံးသပ်ကြတယ်။ ကျွန်တော်က အနာဂတ်ကို ယုံကြည်တယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို စိတ်ချတယ်။ အရေးအကြောင်း ကြုံတွေ့လာရင် ကောင်းမွန်တဲ့အဖြေတွေ ထုတ်ဖော်နိုင်မယ်လို့ ယုံကြည်တယ်။

**ရန်ကုန်မှာလုပ်တဲ့ BFBM ပွဲမှာ ကျွန်တော်က Gift Economy ပေးကမ်းခြင်းကို အခြေခံတဲ့ စီးပွားရေးစနစ်အကြောင်း ဟောပြောခဲ့တယ်။ လူတွေဟာ ရယူခြင်းကို ဦးစားပေးကြတယ်။ အလုပ်တောင်မလုပ်ရသေးဘူး။ ဘာရမလဲဆိုတာကို အရင်စဉ်းစားကြတယ်။ ဒီအကျင့်စရိုက်ဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ကြီးစိုးနေတာ တွေ့ရတယ်။ ရာထူးရတာနဲ့ အခွင့်အရေးတွေကို တောင်းပေး၊ ဦးစားပေးကြတာတွေ့ရတယ်။ ပေးဆပ်မှုကို ရှေ့တန်းမတင်ကြတာတွေ့ရတယ်။ အခုလိုဖြစ်တာဟာ ဝမ်းနည်းစရာတစ်ခုဖြစ်တယ်။ အမှန်တော့ လူတစ်ယောက် အသက်ရှင်သန်ဖို့ ပေးဆပ်မှုကို ရှေ့တန်းတင်သင့်တယ်။ မနက်အိပ်ရာထရင် ဒီနေ့အများအတွက် ငါဘာလုပ်ပေးရမလဲ၊ ဘာလုပ်နိုင်မလဲဆိုတာကို မေးရမယ်။ စဉ်းစားရမယ်။ အခုတော့ ဒီလိုမဟုတ်ဘဲ ရဖို့ကိုပဲ စဉ်းစားနေကြတာ တွေ့ရတယ်။ ဝမ်းနည်းစရာ ကောင်းလှပါတယ်။ ပေးကမ်းခြင်းကို အခြေခံတဲ့ စီးပွားရေးစနစ်တစ်ခု တည်ဆောက်ဖို့ ဘာတွေစဉ်းစားသင့်သလဲဆိုတာတွေကို တင်ပြခဲ့ပါတယ်။ မျှဝေမှုဟာ လူ့အဖွဲ့အစည်းအတွက် အလွန်တန်ဖိုးရှိတဲ့ အရာသာဖြစ်တယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ အပေးအကမ်းရက်ရောတယ်။ ဒါကြောင့်လည်း ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးမှာ ပေးကမ်းမှုညွှန်းကိန်းအရ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တယ်။ အံ့ဩစရာကောင်းတာက မြန်မာနိုင်ငံဟာ အခုလို ပထမနေရာကို အချမ်းသာဆုံးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့အဆင့်တူခဲ့တဲ့ကိစ္စပဲဖြစ်တယ်။ ပေးကမ်းခြင်းကို အခြေခံတဲ့ စီးပွားရေးစနစ်ဟာ စိတ်ကူးယဉ်သက်သက် မဟုတ်တော့ဘဲ လက်တွေ့မှာကျင့်သုံးနေတာ တွေ့ရတယ်။ အရင်းရှင်စနစ်ကြီးစိုးတဲ့ နိုင်ငံတွေမှာ ရှင်သန်နေတာကို ထူးဆန်းစွာ တွေ့မြင်ရပြန်တယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ဥပမာနှစ်ခုဟာ ယုံတမ်းစကားလို့ ထင်နိုင်ပေမယ့် လက်တွေ့မှာ ရှင်သန်နေတာတွေ့ရတယ်။ ပထမ ဥပမာက စားသောက်ဆိုင်မှာ အစားအသောက်ကိုမှာစားပြီး ငွေရှင်းတဲ့အခါ ရှင်းစရာမလိုတဲ့အနေအထား။ ဘာကြောင့်ရှင်းစရာမလိုသလဲလို့မေးရင် ကိုယ့်အရှေ့မှာ စားသောက်တဲ့သူက ကိုယ့်အတွက်ကြိုတင်ပြီး ငွေရှင်းလို့ပဲဖြစ်တယ်။ တစ်ခုတော့ရှိတယ်။ ကိုယ့်အတွက် ရှေ့ကလူက ငွေရှင်းပေးသလို ကိုယ်ကလည်း ကိုယ့်ရဲ့ အနောက်ကလာတဲ့သူအတွက် ငွေရှင်းသွားရမှာဖြစ်တယ်။ ဒီအကြောင်းပြောရင် မယုံနိုင်စရာ၊ မဖြစ်နိုင်တဲ့ အူကြောင်ကြောင်ကိစ္စလို့ ပြောကြလိမ့်မယ်၊ တွေးကြလိမ့်မယ်။ ကိုယ့်အနောက်က လူက ဈေးကြီးကြီး အစားအစာတွေ မှာစားလိုက်ရင် ကိုယ်ကနစ်နာမှာပဲလို့ ပြောကြလိမ့်မယ်။ ကိုယ့်အလှည့်မှာ နည်းနည်းသာစားနိုင်ပြီး သူ့အလှည့်မှာ ကြိုက်သလောက်မှာရင် ဘယ်လိုလုပ်မလဲလို့ ပြောကြလိမ့်မယ်။**

ဒီမေးခွန်းတွေဟာ သံသယကို ရှေ့တန်းတင်မှုတွေဖြစ်တယ်။ ပေးကမ်းမှု အခြေခံတဲ့ စီးပွားရေးစနစ်က ယုံကြည်မှုကိုအခြေခံတာဖြစ်တယ်။ ကိုယ်လည်း စားသင့်သလောက်ပဲ စားမှာဖြစ်သလို အခြားလူကလည်း လိုသလောက်ပဲစားလိမ့်မယ်လို့ ယုံကြည်နိုင်မှ ဒီအစီအစဉ်ဟာ အဆင်ပြေနိုင်မှာဖြစ်တယ်။ သံသယစိတ်တွေပွားနေရင်တော့ လုပ်လို့ရမယ့်ကိစ္စမဟုတ်ပါဘူး။

**ဒုတိယဥပမာက TOMS အမှတ်တံဆိပ် ဖိနပ်ဆိုင်ဖြစ်တယ်။ ဖိနပ်အရည်အသွေးကမြင့်တယ်။ ဈေးကလည်း သာမန်ဖိနပ်တွေထက်ကြီးတယ်။ ထူးခြားချက် ဒီအမှတ်တံဆိပ်ပါတဲ့ ဖိနပ်တစ်ရန်ဝယ်ယူရင် နောက်တစ်ရန်ကို ဖိနပ်ဝယ်မစီးနိုင်တဲ့ ဆင်းရဲနွမ်းပါးသူတွေကို လက်ဆောင်အဖြစ်ပေးတယ်။ ဆောင်ပုဒ် buy me give one တစ်ခုဝယ်တစ်ခုပေးဖြစ်တယ်။ ဘယ်လောက်မြတ်နိုးစရာကောင်းတဲ့ ဥပမာလဲ။ တစ်လောက ဗန်ကောက်မြို့ ဈေးဝယ်ရင်း သမီးက TOMS ဖိနပ်ဆိုင်မှာ ဖိနပ်နှစ်ရန်ဝယ်ခဲ့တယ်။ အခုချိန်မှာ ဆိုင်တိုင်းလိုလိုမှာ ဈေးတွေလျှော့နေပေမယ့် ဒီဖိနပ်ရဲ့ဈေးကတော့ ပုံမှန်အတိုင်း ဈေးလျှော့တာမရှိဘူး။ သမီးက ဖိနပ်နှစ်ရန်ဝယ်ပြီး ပီတိဖြစ်နေမိတယ်။ သူဝယ်လိုက်တဲ့အတွက် ဖိနပ်ဝယ်မစီးနိုင်သူနှစ်ဦး အခုတော့ ဖိနပ်စီးနိုင်တဲ့ အခြေအနေရှိသွားပြီ။ ဒီနေရာမှာလည်း သံသယမျက်စိနဲ့ကြည့်ရင် ကိုယ်က ဝယ်လိုက်ပေမယ့် နောက်တစ်ရန်ကို ပေးမှပေးပါ့မလား၊ မပေးရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်ကဈေးကြီးကြီးပေးလိုက်ရတာပဲ အဖတ်တင်မှာ၊ ဒါတွေဟာ ယုံကြည်မှုအားနည်းမှုကို ဖော်ညွှန်းနေခြင်းသာဖြစ်တယ်။**

ကျွန်တော်က ဒီခေါင်းစဉ်နဲ့ ဟောပြောရတာ ကျေနပ်တယ်။ BFBM အစီစဉ်အရ သမားရိုးကျ ခေါင်းစဉ်များမဟုတ်ဘဲ စဉ်းစားစရာဖြစ်မယ့် အကြောင်းအရာတွေကိုသာ ရွေးပြီးတင်ပြခဲ့တာ။ မန္တလေးဟောပြောပွဲမှာ "လူမှုရေးသင်ယူခံယူမှု" ခေါင်းစဉ်ကို ရွေးချယ်ပြီး ဟောပြောခဲ့တယ်။ **သင်ယူခံယူမှုဟာ ပညာရေးထက်ကျယ်ပြန့်တယ်။ ပညာသင်ကြားမှုကို စဉ်းစားတဲ့အခါ ကျောင်းသင်တန်းခန်းမှာ သင်ကြားမှုကိုပဲ စဉ်းစားကြတယ်။ ဒါကြောင့် ကျွန်တော်က ၇၀၊ ၂၀၊ ၁၀ ပုံသေနည်းကို တင်ပြခဲ့တယ်။ လူတစ်ယောက်ရဲ့ သင်ယူခံယူမှု ၁၀ ရာခိုင်နှုန်းဟာ ကျောင်းစာသင်ခန်းထဲမှာရပြီး ၂၀ ရာခိုင်နှုန်းကိုတော့ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဆက်ဆံမှုက တစ်ဆင့်ရသလို၊ ၇၀ ရာခိုင်နှုန်းကတော့ ဘဝအတွေ့အကြုံကရကြောင်း ဖော်ထုတ်တဲ့ပုံသေနည်းဖြစ်တယ်။ အဓိပ္ပာယ်ကတော့ ပညာကို သင်ယူခံယူရာမှာ မိမိဖြတ်သန်းရှင်သန်တဲ့ဘဝက အသိပညာဖြစ်ပြီး ကျောင်းစာသင်ခန်းကရတာတွေဟာ ရာနှုန်းအနည်းငယ်သာဖြစ်ကြောင်း ဖော်ထုတ်တာဖြစ်တယ်။ လူ့ဘဝမှာ လူမှုရေးဆက်သွယ်ဆက်ဆံမှုနဲ့ ဘဝအတွေ့အကြုံရဲ့ အရေးပါပုံကို ကျွန်တော်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။**

စစ်တွေမှာတော့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် စွန့်ထွင်ဦးစီးမှုအခန်းကဏ္ဍကို ဆွေးနွေးဖို့ စီစဉ်ခဲ့တယ်။ ရန်ကုန်ကနေ စစ်တွေကို လေယာဉ်နဲ့ သွားဖို့ စီစဉ်ခဲ့တယ်။ ရာသီဥတုဆိုးတာကြောင့် ထွက်မယ့်အချိန် မထွက်နိုင်ခဲ့ဘူး။ ခရီးစဉ်အရ သံတွဲ-စစ်တွေဖြစ်တာမို့ သံတွဲမှာ မိုးကြီးနေတာ လေယာဉ်ကမထွက်ဘဲ နှစ်နာရီကျော်လောက်စောင့်နေရတယ်။ ကံကောင်းလို့ လေယာဉ်ခရီးစဉ်ကိုပြောင်းပြီး စစ်တွေ-သံတွဲဖြစ်လာခဲ့တယ်။ စစ်တွေမှာကြိုပြီးရောက်နေတဲ့ အဖွဲ့သားတွေကလည်း စိတ်ပူနေကြတာ။ အခမ်းအနားကို ၂နာရီမှာစဖို့ စီစဉ်ခဲ့တယ်။ ကျွန်တော်တို့က ၁နာရီအထိ မထွက်ဖြစ်သေးဘူး။ စစ်တွေမှာ ကြိုရောက်နေတဲ့ ဆရာဦးတင်ဇံကျော်ရှိနေတော့ နည်းနည်း စိတ်ချရတယ်။ သူရှိနေတော့ ကျွန်တော် နောက်ကျရင်တောင် ပွဲထိန်းနိုင်တယ်။ ကျွန်တော်တို့အဖွဲ့ မိုးထဲလေထဲမှာစစ်တွေမြို့ ဟောပြောပွဲကျင်းပမယ့် မြို့တော်ခန်းမထဲရောက်တော့ ၂ နာရီ ထိုးနေပြီ။ ဆရာဦးတင်ဇံကျော်ကလည်း ကျွန်တော်တို့ရောက်တော့ သူ့ရဲ့တင်ပြမှုကို အမြန်အဆုံးသတ်ပေးခဲ့တယ်။ ကျွန်တော်နဲ့အတူ ပါလာတဲ့ ဆရာဦးမာတင်ပန်းက ၁၅ မိနစ်လောက် တာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းအကြောင်း တင်ပြဆွေးနွေးခဲ့တယ်။ ကျွန်တော်ဟောပြောပွဲစတော့ ၂ နာရီ မိနစ် ၂၀ ရှိသွားပြီ။ ပထမဦးစွာ ကျွန်တော်က ရခိုင်ပြည်နယ်ရဲ့ ထူးခြားလှတဲ့ အလားအလာ အခွင့်အရေးတွေကို တင်ပြခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဟာ ပထဝီအနေအထားအရ အလွန်မှ အခြေအနေကောင်းတဲ့ဒေသ ဖြစ်ပါတယ်။ ရှည်လျားလှတဲ့ ကမ်းရိုးတန်းရှိနေသလို ကမ္ဘာလှည့်ခရီးသည်တွေ ဆွဲဆောင်နိုင်တဲ့ ပင်လယ်ကမ်းခြေတွေရှိပါတယ်။

ငယ်ငယ်တုန်းက ကြားဖူးတာက ငပလီကမ်းခြေဟာ အီတလီနိုင်ငံမှာရှိတဲ့ နာမည်ကြီး နေပေါလ်စ်(Naples) မြို့ကို သတိရပြီး အီတလီနိုင်ငံသားက ကင်ပွန်းတပ်ခဲ့တာလို့ပြောခဲ့တယ်။ အခုလို အပန်းဖြေစရာနေရာဒေသတွေရှိသလို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ မြောက်ဦးဒေသမှာ ကမ္ဘာ့အံ့ဖွယ်နေရာတစ်ခုဖြစ်ပါတယ်။ ပင်လယ်နဲ့နီးတာမို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေသလို ပင်လယ်ငါးဖမ်းလုပ်ငန်းအတွက် အခွင့်အရေးတွေ အများကြီးရှိနိုင်ပါတယ်။

လူဦးရေအရ နှစ်သန်းကျော်ရှိတာမို့ ပြည်နယ်အတွင်း ဈေးကွက်ဟာမသေးလှပါဘူး။ အခုလို **အခွင့်အလမ်းများလှတဲ့ ရခိုင်ပြည်နယ်ဟာ စီးပွားရေး၊ လူမှုရေးတိုးတက် ဖွံ့ဖြိုးမှုအလားအလာအများကြီး ရှိပါတယ်။ ဒီအခွင့်အရေးတွေကိုရယူဖို့ကတော့ "စွန့်ထွင်ဦးစီးမှု" ပဲဖြစ်ပါတယ်။ စွန့်စားဖို့ လိုအပ်ပါတယ်။ တီထွင်ရမှာဖြစ်ပါတယ်။ ပြီးတော့ ဦးစီးနိုင်ဖို့လည်း လိုပါတယ်။ ဒါကြောင့် ကျွန်တော်က ရခိုင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးမှုအတွက် စွန့်ထွင်ဦးစီးမှုရဲ့အရေးပါပုံကို အသေးစိတ်တင်ပြခဲ့ပါတယ်။ စွန့်ထွင်ဦးစီးမှုလို့ပြောရင် လူအများက စီးပွားရေးနယ်ပယ်အတွက်လို့သာ ယူဆကြပါတယ်။ အမှန်တော့ စွန့်ထွင်ဦးစီးမှုဟာ သုံးနေရာမှာ လိုအပ်ပါတယ်။ စီးပွားရေးနယ်မှာ လိုအပ်သလို လူမှုရေးလှုပ်ရှားမှုမှာလည်း လိုအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ နိုင်ငံရေးနယ်ပယ်မှာလည်း စွန့်ထွင်ဦးစီးမှုဟာ လိုအပ်ပါတယ်။**

ကျွန်တော့်တို့ရဲ့ BFBM ပွဲကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပါတယ်။ သူ့အနေနဲ့လည်း ပြည်နယ်မှာဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး Video ပြခဲ့ပါတယ်။ ညဘက်ကျတော့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ တည်ခင်းတဲ့ ညစာစားပွဲကို တက်ရောက်ခဲ့တယ်။

နောက်တစ်နေ့ မနက်စောစော သွားချင်လှတဲ့ မြောက်ဦးမြို့ကို မော်တော်ယာဉ်တွေနဲ့ ထွက်ခဲ့ပါတယ်။ မိုးထဲလေထဲမှာ စွန့်စားပြီးထွက်ခဲ့ကြတာ။ စစ်တွေကတော့ ပုဏ္ဏားကျွန်းမြို့နယ်ကျော်ပြီး ကျောက်တော်မြို့အနီးမှာ ရေတွေကြီးနေတာမို့ ခရီးမဆက်ခဲ့ဘူး။ ကျွန်တော်တို့ကို လိုက်ပို့တဲ့ နယ်ခံတွေက ပို့ချင်လွန်းလို့ရေကျတဲ့အထိစောင့်ဖို့အကြံပေးလို့ ပုဏ္ဏားကျွန်းအနီးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စောင့်ခဲ့ကြတယ်။ အခြေအနေက မထူးခြားတာမို့ လက်လျှော့ပြီး စစ်တွေကို ပြန်ခဲ့ကြတယ်။ ရည်ရွယ်ချက် မပြည့်မီလို့စိတ်ထဲက မကျေနပ်ဖြစ်တာတော့ အမှန်ပါ။ ဒါပေမယ့် အစိုးမရတဲ့ ရာသီဥတုကိုတော့ မလွန်ဆန်နိုင်ခဲ့ပါဘူး။

*စာမျက်နှာ ၁၆ သို့*

> အခွင့်အလမ်းများလှတဲ့ ရခိုင်ပြည်နယ်ဟာ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုအလားအလာ အများကြီးရှိပါတယ်။ ဒီအခွင့်အရေးတွေကို ရယူဖို့ကတော့ "စွန့်ထွင်ဦးစီးမှု"ပဲဖြစ်ပါတယ်

# မိုင်းတုံ၌ နမ့်တုံချောင်းကူး ယာယီတံတားတည်ဆောက်

**မိုင်းတုံ ဩဂုတ် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်တုံချောင်းရေကြီး ရေလျှံမှုများဖြစ်ပေါ်ကာ ဩဂုတ် ၃ ရက်က မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင် ကားလမ်း ဖမိုင်ကျေးရွာအနီးရှိ အရှည်ပေ ၆၀၊ အကျယ် ၁၈ ပေရှိ နမ့်တုံချောင်းကူး ကွန်ကရစ်တံတားကျိုးကျပျက်စီးသွားခဲ့ရာ ဩဂုတ် ၄ ရက်က မိုင်းတုံမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီသစ်သားလူကူးတံတား တည်ဆောက်ပေးခဲ့သည်။

ယခုအခါ ယာဉ်များဖြတ်သန်းသွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာနမှ ဦးစီးပြီး နယ်မြေခံတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတို့ဝိုင်းဝန်း၍ ယာယီတံတားတည်ဆောက်နေမှုကို မိုင်းဆတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ယဉ်ဝင်း(ပြန်/ဆက်)**



# ကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့် လူနာ ၂၆၅၆၀ အား ကျန်းမာရေးကုသပေး

**နေပြည်တော် ဩဂုတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားသည့် ဒေသများရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများအဖွဲ့က ယာယီဆေးခန်းများနှင့် ရွေ့လျားဆေးအဖွဲ့များဖြင့် ဆေးကုသမှုပေးလျက်ရှိရာ ဩဂုတ် ၆ ရက်တွင် ရေဘေးသင့် လူနာ ၂၆၅၆၀ ကို ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့များသည် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးပြဿနာများဖြစ်သည့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဗဟိုဌာနဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုများနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာသန်းထွန်းအောင်က "ကျွန်တော်တို့အနေနဲ့ အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအဖွဲ့များ၏ ကြီးကြပ်မှုနဲ့ ရေကြီး၊ ရေလျှံမှုဖြစ်ပွားခဲ့တဲ့ ဒေသများရှိ ကယ်ဆယ်ရေးစခန်းများ၌ ယာယီဆေးခန်းများနဲ့ ရွေ့လျားဆေးအဖွဲ့တွေက ဆေးကုသမှုပေးလျက်ရှိပါတယ်။ ဩဂုတ် ၆ ရက်က ယာယီဆေးခန်း ၄၂၃ ခုနှင့် ရွေ့လျားဆေးအဖွဲ့ ၁၇၃ ဖွဲ့တို့ကနေ လူနာပေါင်း ၂၆၅၆၀ ကို ဆေးကုသမှုပေးခဲ့ပါတယ်။

နောက်ပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး အတွက် ရေပြန်လည်ကျသွားတဲ့ ဒေသတွေမှာ သောက်သုံးရေ သန့်ရှင်းစေဖို့ ရေမဝင်သော ရေတွင်းများကို ကလိုရင်းဆေးခတ်ခြင်း၊ ရေဝင်သောရေတွင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းကာ ရေတွင်းဆယ်ပြီး ကလိုရင်းဆေးခတ်ခြင်း၊ ကယ်ဆယ်ရေး စခန်းတွေမှာ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေနဲ့ အစားအစာရရှိရေး၊ ခြင်၊ ယင်၊ ကြွက်များပေါက်ဖွားမှု မရှိစေရေးတို့အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းတွေကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ HIV/ AIDS လူနာများ Anti Retroviral Therapy (ART) ဆေး ပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း စတဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ဒီနေ့လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေ ရေကျသွားရင် ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဆောင်ရွက်ပေးဖို့ ထွက်ခွာသွားကြပါတယ်" ဟု ပြောသည်။

ကလေးမြို့၌ ရေပြန်လည်ကျသွားသော ချမ်းမြေ့အောင်စည်ရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်များတွင် ရေထွက်ပင်ရင်းများကို ကလိုရင်းဆေးခတ်ခြင်း၊ သာစည်ကျေးရွာအုပ်စုအတွင်းရှိ ရေကျသွားသော ကျေးရွာများရှိ ရေတွင်းများ၊ ရေတုံကင်များကို ကလိုရင်းဆေးခတ်ရန် စီစဉ်ခြင်း၊ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးအဖွဲ့က နတ်ချောင်းတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဆေးကုသမှုပေးခြင်း၊ မြို့ပေါ်ကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် လက်ထောက်ဆရာဝန် တစ်ဦးနှင့် သူနာပြု တစ်ဦးစီ ပါဝင်သော ရွေ့လျားဆေးအဖွဲ့များနှင့် အထူးကုဆရာဝန်များပါဝင်သော ဆေးအဖွဲ့များက ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။



ကျန်းမာရေးဝန်ထမ်းများ ကလေးမြို့ရပ်ကွက်များအတွင်း ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်စဉ်။

ရေဘေးသင့်ဒေသများသို့ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ပံ့ပိုးလျက်ရှိရာ ဩဂုတ် ၆ ရက်အထိ ကလိုရင်းရေသန့်စင်ဆေးမှုန့် (၅၀ ကီလိုဂရမ်ပုံး) ၂၂၂ ပုံး၊ ဆေးစိမ်ခြင်ထောင် အလုံးရေ ၃၂၀၀၊ ရေသန့်ဆေးထုပ် ၁၄၄၀၀၊ ကလိုရင်းရေသန့်စင်ဆေးပြား ၂၈၈၀၀ ၊ အိမ်သာခွက် ၆၇၀၀ တို့ကို ပံ့ပိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်**

---

## ရေဘေးသင့် ကျွဲ၊ နွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစာအာဟာရများ ဖြည့်တင်းနိုင်ရေးကြိုးပမ်းနေ

**ရေနံချောင်း ဩဂုတ် ၉**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခုတွင် ရောက်ရှိနေကြသော ကျွဲနွားကောင်ရေ ၅၁၀၃ ကောင်အတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးလိုအပ်ချက်များကို စုပေါင်း ဖြည့်တင်းနေကြကြောင်း သိရသည်။

"ပဲဖတ် ပိဿာချိန် ၂၁၅၀ကို ပေးပို့ထားပါတယ်။ အလှူရှင်တွေအနေနဲ့ နီးစပ်ရာစခန်းတွေမှာလည်း ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပါတယ်။ ဆက်လက်ပြီး ပေးပို့သွားဖို့လည်းရှိပါတယ်"ဟု အလှူရှင် တစ်ဦးဖြစ်သူ ကိုသန့်ဇင်ဦး ကပြောကြားသည်။

ထို့ပြင် ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် လိုအပ်သည့် အကူအညီများကိုလည်း Save Animal အဖွဲ့မှ ပံ့ပိုးပေးလျက်ရှိပြီး အစားအစာ၊ ဆေးဝါးနှင့် အခြားလိုအပ်ချက်များကိုလည်း ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်လှူဒါန်းပေးလျက်ရှိကြောင်း Save Animal မှ ဒေါ်ခင်သဇင်ထံမှ သိရသည်။

ထို့ပြင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှလည်း နွားစာအခက်အခဲကို ဖြေရှင်းရန်အတွက် နွားစာသကာတုံး သင်တန်းတိုများကို ပေးအပ်ရန် စတင်စီစဉ်လျက်ရှိပြီး ရေနံချောင်းမြို့နှင့် ပွင့်ဖြူမြို့တွင် ယခုရက်အတွင်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာန စီမံဌာနမှ သိရှိရသည်။

"ပဲဖတ်နဲ့ နှမ်းဖတ်ကို ယူရီးယားနဲ့ သကာရည်ရောနှောပြီး အခဲပြုလုပ်ရတဲ့နည်းဖြစ်ပါတယ်။ အာဟာရဖြစ်စေပြီး ကြာကြာအသုံးခံတဲ့ တိရစ္ဆာန်အစာဖြစ်တာကြောင့် အမြန်ဆုံး လက်ဆင့်ကမ်းနည်းပညာဖြန့်ဖြူးမယ်"ဟု စီမံဌာနမှ တာဝန်ရှိသူက ဖြေကြားသည်။



ထို့ပြင် မကွေးတိုင်းဒေသကြီး စိမ်းလန်းအမိမြေအဖွဲ့မှ ကယ်ဆယ်ရေး ဆောင်ရွက်နေသည့် နွားအကောင် ၄၀၀၀ အတွက်လည်း ခွာနာလျှာနာကာကွယ်ဆေးထိုးနှံရန် အလှူရှင်များ လိုအပ်နေသေးကြောင်း အဆိုပါအဖွဲ့မှ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ ဦးစီး၍လည်း ရေဘေးဒဏ်သင့်ဒေသများရှိ တိရစ္ဆာန်များ ဆေးဝါးကုသနိုင်ရေးနှင့် ကျန်းမာရေးအကူအညီများအတွက် ဆေးကုသရန် စတင် ထွက်ခွာနေပြီဖြစ်ပြီး တိရစ္ဆာန်ဆေးဝါး ကုသလိုသည့်အဖွဲ့အစည်းနှင့် ကျေးရွာများမှ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- သန့်ဇင်ဦး**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

---

## ချင်းကုန်းကျေးရွာဒေသများ ကယ်ဆယ်ရေးအကူအညီမျှော်လင့်

**ဟင်္သာတ ဩဂုတ် ၉**

အင်္ဂပူမြို့နှင့် ဟင်္သာတမြို့နယ်အကြား ချင်းကုန်းရွာအနီးတစ်ဝိုက်တွင် ရေဘေးကယ်ဆယ်ရေးများ လာရောက်မှုမရှိသေးသဖြင့် ကျွဲနွားအစာ အာဟာရများနှင့် သောက်သုံးရေများရရှိရန် ခက်ခဲနေသေးကြောင်း သိရသည်။

"ရေက အားလုံးပြန်မကျသေးပါဘူး။ ရွာကိုတော့ ကယ်ဆယ်ရေးတွေ ရောက်မလာသေးတဲ့အတွက် ကိုယ့်အားကိုယ်ကိုး ပြင်ဆင်နေရပါတယ်။ လိုအပ်ချက်က သောက်သုံးရေအခက်အခဲဖြစ်နေရတယ်။ တိရစ္ဆာန်တွေအတွက်လည်း နေစရာအခက်အခဲနဲ့ အစားအစာတွေလိုအပ်နေသေးလို့ အကူအညီတွေ အမြန်ဆုံးရောက်လာဖို့ မျှော်လင့်ပါတယ်"ဟု ချင်းကုန်းကျေးရွာမှ မခင်မိုးရည်က ပြောကြားသည်။

အဆိုပါဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ ဩဂုတ် ၈ ရက်တွင် အစောဆုံးရောက်ရှိနိုင်မည်ဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်အားပေးအဖွဲ့များထံမှသိရှိရပြီး တိုင်းဒေသကြီးမှ တာဝန်ရှိသူများလည်း သွားရောက်ကယ်ဆယ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားသည်။

**သွန်းဝသန်**

---

## မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကယ်ဆယ်ရေးပစ္စည်းများပေးပို့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မင်းတပ် ဩဂုတ် ၉**

ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မင်းတပ်မြို့နယ်အတွင်းရှိ မလိုင်ရွာ၊ကြာလေလှိုင်းရွာ၊ ပန်းအော့ရွာ၊ အုံ့ရွာ၊ လေရှိရွာ၊ ရှိရွာ ၊အောက်ဆာဒူးရွာများ၌ နေအိမ်ပြိုကျပျက်စီးမှု ၊ယိမ်းယိုင်မှုများ ကြုံတွေ့ရပြီး လူအများစုမှာ ခရစ်ယာန်ဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ယင်းကျေးရွာများအနက် အချို့သောကျေးရွာများသည် တံတားပျက်စီး မြေပြိုကျသဖြင့် လမ်းပန်းဆက်သွယ်ရေးစသည့် အခက်အခဲများကြုံတွေ့ရပြီး စားနပ်ရိက္ခာအထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များဖြင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

*စာမျက်နှာ ၁၅ မှ*

ခရီးစဉ်ကို စီစဉ်တုန်းကမြောက်ဦးမှာ ညအိပ် ဘုရားဖူးပြီးမှ ရန်ကုန်ပြန်ဖို့ အခုလို မြောက်ဦးခရီးစဉ် ပျက်သွားတာမို့ နောက်တစ်နေ့မှာ စစ်တွေတက္ကသိုလ်မှာ ဟောပြောပွဲလုပ်ဖို့ အစီအစဉ်ပြောင်းခဲ့ပါတယ်။ စစ်တွေတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ကလည်း လိုလိုချင်ချင်မို့ ကျွန်တော်သွားရောက်ပြီး တက်ရောက်လာတဲ့ ပါမောက္ခ၊ ဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူများကို တစ်သက်တာလုံး သင်ယူခံယူမှုကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေရော ဆရာ ဆရာမတွေကိုပါ ပညာရေးခရီးရှည်ကြီးကို အမြဲလျှောက်လှမ်းဖို့ တိုက်တွန်းခဲ့ပါတယ်။ အခုလိုဟောပြောနေရင်း ရာသီဥတုအခြေအနေက ပိုပြီးဆိုးလာသလို ရန်ကုန်ကိုထွက်မယ့်လေယာဉ်ကလည်း စောစောထွက်မှာမို့ ကျွန်တော်တို့အဖွဲ့ စစ်တွေ လေယာဉ်ကွင်းကိုထွက်ခဲ့ပြီး ရန်ကုန်ကို ပြန်ခဲ့ပါတယ်။

စစ်တွေရောက်တုန်း ရခိုင်ပြည်နယ်မှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေ စိန်ခေါ်မှုတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ပြဿနာဟာ နေ့ချင်းညချင်းဖြေရှင်းနိုင်မယ့် ကိစ္စမျိုးမဟုတ်ဘဲ စိတ်ရှည်ရှည်နဲ့အဖြေရှာရမှာဖြစ်ပါတယ်။ အရေးကြီးတာက မျက်မှောက်ခေတ်ကို အာရုံပြုသလို အနာဂတ်အတွက်လည်း စဉ်းစားသွားရမှာဖြစ်တယ်။ ဒါကြောင့်လည်း စစ်တွေတက္ကသိုလ်က လူငယ်တွေနဲ့ တွေ့ခွင့်ရတာကို ကျေးဇူးတင်မိတယ်။ သူတို့ရဲ့အနာဂတ် သူတို့ရဲ့ဘဝဟာလှပအောင် ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ အခွင့်အရေးအခွင့်အလမ်းတွေကို ဆုပ်ကိုင်နိုင်အောင် အားလုံးဖန်တီးသွားကြရမှာသာ ဖြစ်ပါတယ်။

# ၂၀၂၅ ခုနှစ်ကို မျှော်နေသည့် အာဆီယံနှင့် အာဆီယံထဲက မြန်မာနိုင်ငံ




*၈-၈-၂၀၁၅ ရက်နေ့မှအဆက်*

**ကုန်သွယ်မှုဖြင့် တိုးတက်လာသည့် အာဆီယံ**

အာဆီယံအတွင်း လွတ်လပ်သော ကုန်သွယ်မှုဇရိယာထူထောင်မှုသာမက ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် နယူးဇီလန်တို့နှင့် လွတ်လပ်စွာ ကုန်သွယ်မှုဒေသများ ထူထောင်မှုတို့သည် မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများနှင့်သာမက အာဆီယံ ပြင်ပနိုင်ငံများ ပိုမိုထိတွေ့ဆက်ဆံမှုကို ဖြစ်ပေါ်စေခဲ့ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို တိုးတက်လာစေခဲ့သည်။

ယခင်က အိမ်နီးချင်းနိုင်ငံများနှင့်သာ ကုန်သွယ်နိုင်ခဲ့သော မြန်မာနိုင်ငံသည် အာဆီယံမှတစ်ဆင့် အခြားနိုင်ငံများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ကုန်သွယ်လာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စူပါမားကတ်များတွင် တရုတ်၊ ထိုင်းစသည့်နိုင်ငံများမှ ကုန်စည်များသာမက ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများမှ ထွက်ကုန်များကိုပါ တွေ့လာရသည်။ ကုန်သွယ်မှုသည် စားသုံးသူများအတွက် ကုန် စည်များကိုရရှိစေပြီး ကုန်စည်အမျိုးအစားများစွာကိုလည်း ရွေးချယ်စားသုံးလာနိုင်စေခဲ့သည်။

အာဆီယံသည် ကမ္ဘာပေါ်တွင် ဥရောပသမဂ္ဂ၊ မြောက်အမေရိကနှင့် တရုတ်၊ ဟောင်ကောင်တို့ပြီးလျှင် စတုတ္ထအကြီးမားဆုံး ပို့ကုန်တင်ပို့သည့် ဒေသဖြစ်လာပါသည်။ ကမ္ဘာ့ကုန်သွယ်မှု၏ ခုနစ်ရာခိုင်နှုန်းမျှရှိနေပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပိုမိုရှုပ်ထွေးသည့် ကုန်ချောထုတ်လုပ်မှုနှင့် ပို့ကုန်အမျိုးအမည်များစွာထုတ်လုပ်၍ နိုင်ငံစုံသို့တင်ပို့သည့် ဒေသဖြစ်လာပါသည်။ ဗီယက်နမ်သည် အဝတ်အထည်နှင့် အထည်အလိပ်များကို အာရုံစိုက်၍ ထုတ်လုပ်နေချိန်တွင် မလေးရှားနှင့် စင်ကာပူနိုင်ငံများသည် အီလက်ထရွန်နစ်ပစ္စည်းများကို ထုတ်လုပ်တင်ပို့နေပြီး ထိုင်းနိုင်ငံသည် အဓိကမော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများကို ထုတ်လုပ်တင်ပို့သည့်နိုင်ငံ ဖြစ်လာပါသည်။ အခြားသောအာဆီယံနိုင်ငံများအနေဖြင့်လည်း သဘာဝသယံဇာတများကို အခြေခံကာ ပို့ကုန်လုပ်ငန်းများကို ထူထောင်နေကြပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆီအုန်းထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်ပြီး ကျောက်မီးသွေးတင်ပို့မှု အများဆုံးနိုင်ငံလည်း ဖြစ်ပါသည်။ ကိုကိုးနှင့် ခဲမဖြူကို ဒုတိယအများဆုံး ထုတ်လုပ်နေသော နိုင်ငံလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့နှင့် ကျောက် သံပတ္တမြားတို့ကို တင်ပို့လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လယ်ယာနှင့် စက်မှုကုန်ချောများကို တင်ပို့နေသည့်အပြင် စီးပွားရေးလုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်၍ တစ်ဆင့်ခံ ထုတ်လုပ်ပေးနေသည့် နိုင်ငံလည်းဖြစ်သည်။ အာဆီယံနှင့် ယှဉ်ပြိုင်ထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် အာဆီယံ၏ဖောက်သည် နိုင်ငံတစ်ခုဖြစ်လာသည်။

**အောင်ထူး**

တရုတ်သည် စင်ကာပူနှင့် မလေးရှားနိုင်ငံများ၏ အရေးပါသည့် ပို့ကုန်ဈေးကွက် ဖြစ်နေသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့်ဂျပန်နိုင်ငံများမှ ဆက်လက်ဖြစ်ပေါ်နေသည့် ဝယ်လိုအားသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးကို တွန်းအားပေး လျက်ရှိသည်။ တစ်ချိန်က တရုတ်နိုင်ငံက ကြီးစိုးထားသည့် ပို့ကုန်ထုတ်လုပ်ရေးဇုန်များကဲ့သို့ ပို့ကုန်ထုတ်လုပ်ရေးဇုန်များကို အာဆီယံနိုင်ငံများတွင် ထူထောင်လာရာ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ဘာတန်လွတ်လပ်စွာ ကုန်သွယ်မှုဇုန်၊ ထိုင်းနိုင်ငံတွင် တောင်ပိုင်းဒေသ စက်မှုဇုန်၊ အင်ဒိုနီးရှားနိုင်ငံ တန်ဂျုံအီမားစ် ပို့ကုန်ထုတ်လုပ်ရေးဇုန်၊ မလေးရှားနိုင်ငံ ပို့ကလန်လွတ်လပ်သော ကုန်သွယ်မှုဇုန်၊ မြန်မာနိုင်ငံတွင် သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်၊ ဗီယက်နမ်နိုင်ငံတွင် တန်သွန်ပို့ကုန်ထုတ်လုပ်ရေးဇုန်စသည်များသည် အာဆီယံနိုင်ငံများ၏ ပို့ကုန်တိုးတက်မှုကို တွန်းအားပေးစေမည်ဖြစ်ပါသည်။

အာဆီယံသည် ကမ္ဘာ့ကုန်သွယ်မှုစီးဆင်းမှု၏ လမ်းကြောင်းပေါ်တွင် ကျရောက်လျက်ရှိပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ငွေရေးကြေးရေးနှင့် ပြည်သူများ ရွှေ့လျားစီးဆင်းမှု ၊ ဆက်သွယ်မှုနှင့် ပတ်သက်၍ တွက်ချက်သည့် မက်ကင်ဇီ ကမ္ဘာ့စင်တာ၏ ကမ္ဘာ့ဆက်သွယ်မှုရှိသည့် ညွှန်းကိန်းတွင် စင်ကာပူနိုင်ငံသည် စတုတ္ထနေရာတွင် ရှိနေပြီး မလေးရှားနိုင်ငံအနေဖြင့် ၁၈ နေရာ၊ ထိုင်းနိုင်ငံအနေဖြင့် ၃၆ နေရာတွင် ရှိနေပါသည်။ ၂၀၂၅ခုနှစ်တွင် ကမ္ဘာ့စားသုံးသူ အဆင့်အတန်းရှိ လူလတ်တန်းစားများ ဈေးကွက်၏ ထက်ဝက်သည် မြန်မာနိုင်ငံမှ ငါးနာရီကြာ ပျံသန်းရသည့်အကွာအဝေးတွင် ရှိလာမည်ဖြစ်ပါသည်။

**ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ဗဟို အာဆီယံ**

အာဆီယံသည် ကမ္ဘာပေါ်တွင် ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းရှိသည့် ကုမ္ပဏီများစွာကို အိမ်ရှင်အဖြစ် လက်ခံထားသည့် ဒေသဖြစ်သည်ကိုလည်း တွေ့ရပါသည်။ ၂၀၀၆ခုနှစ်တွင် The Forbes Global ၂၀၀၀ စာရင်းပါ ကုမ္ပဏီ ၄၉ ခု၏ ဌာနချုပ်များသည် အာဆီယံနိုင်ငံများတွင်ရှိနေခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ယင်းစာရင်းပါ ကုမ္ပဏီ ၂၂၇ ခု၏ ဌာနချုပ်များသည် အာဆီယံနိုင်ငံများတွင် အခြေစိုက်လာကြသည်။ ယင်းကုမ္ပဏီများသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထက် ပိုမိုကြပြီး စုစုပေါင်း ကမ္ဘာ့ကုမ္ပဏီကြီးများ၏ စုစုပေါင်းဝင်ငွေ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေကြသည်။

အာဆီယံပေါင်းစည်းမှုသည် စီးပွားရေးအဆောက်အအုံ၏ဖွဲ့စည်းမှုပုံသဏ္ဌာန်ကိုလည်း ပြောင်းလဲသွားစေခဲ့သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။ ယင်း၏ အကျိုးဆက်ကြောင့် အာဆီယံနိုင်ငံများတွင် လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်သည့်လုပ်သား အချိုးအစားသည် ကျဆင်းလာပြီး လယ်ယာကဏ္ဍလုပ်သားအင်အားအချိုးကို ဝန်ဆောင်မှုကဏ္ဍက ကျော်လွန်သွားခဲ့သည်။ အာဆီယံနိုင်ငံများတွင် ဝန်ဆောင်မှုကဏ္ဍသည် စုစုပေါင်းလုပ်သားအင်အား၏ ၄၀ ဒသမ ၆ ရာခိုင်နှုန်းကို အလုပ်ပေးထားပြီး လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍမှာ ၄၀ ရာခိုင်နှုန်း နှင့် ၁၉ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ အာဆီယံနိုင်ငံများအနေဖြင့် ယင်းသို့ စီးပွားရေးအဆောက်အအုံဖွဲ့စည်းမှု ပုံသဏ္ဌာန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သည့် မူဝါဒများကို ချမှတ်နိုင်မှသာ ယင်းပြောင်းလဲမှုနှင့်အညီ အကျိုးခံစားနိုင်ကြမည်ဟု ဆိုပါသည်။

စီးပွားရေးပညာရှင်များ၏ ခန့်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်ရှိ ကုန်သွယ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော်နိုင်ပါက ၂၀၂၅ ခုနှစ်တွင် အာဆီယံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)တိုးတက်မှုသည် ၇ ဒသမ ၁ ရာခိုင်နှုန်းမျှ တိုးတက်မှုရှိမည်ဖြစ်ပြီး ယင်းဂျီဒီပီတိုးတက်မှု၏ အကျိုးကို လက်ရှိဝင်ငွေနည်းပါးသည့် အာဆီယံနိုင်ငံများက အများဆုံးရရှိခံစားနိုင်ကြမည်ဟု ဆိုပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများနှင့် အာဆီယံ**

ယင်းအကျိုးဆက်ကြောင့် အာဆီယံနိုင်ငံများတွင် အလုပ်အကိုင်အသစ်ပေါင်း ၁၄ သန်း ကို ထပ်မံဖန်တီးနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများတွင် လုပ်ငန်းများ ချဲ့ထွင်နိုင်မည်ဟု ဆိုပါသည်။ အလုပ်အကိုင်ချဲ့ထွင်နိုင်မှုအပိုင်းတွင် အချို့အာဆီယံနိုင်ငံများတွင် ကျွမ်းကျင်မှုမြင့်မားသည့် အလုပ်အကိုင်များတွင် များပြားမည်ဖြစ်သော်လည်း အလယ်အလတ် ကျွမ်းကျင်သူများနှင့် ကျွမ်းကျင်မှုနည်းပါးသည့် အလုပ်များတွင် အလုပ်အကိုင်များ ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းကြပါသည်။ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံနှစ်ခုထဲကိုပင်ကြည့်လျှင် ၂၀၃၀ ပြည့်နှစ်တွင် ကျွမ်းကျင်လုပ်သား ကိုးသန်းနှင့် တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား ၁၃ သန်းခန့် ထပ်မံလိုအပ်မည်ဟု ခန့်မှန်းထားပါသည်။ သို့ဖြစ်၍ လက်ရှိစီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းထားနိုင်ရန် လူ့အရင်းအနှီးဖွံ့ဖြိုးမှုနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အာဆီယံအနေဖြင့် ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးမှုကို အခြေခံသည့် ဒေသဆိုင်ရာ ထုတ်လုပ်မှုဒေသအဖြစ် ထူထောင်သည်နှင့်အမျှ အထက်တန်းနှင့် တက္ကသိုလ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုရှိသူများကို ပိုမိုလိုအပ်လာမည်ဖြစ်သည့်အတွက် ယင်းကျွမ်းကျင်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ကျွမ်းကျင်မှု သက်သေခံလက်မှတ်ထုတ်ပေးသည့် ယန္တရားနှင့် အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများ ပူးပေါင်း ပြီး ကျွမ်းကျင်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့မှ သုံးသပ်ထားပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ကျွမ်းကျင်မှုလုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပညာရေးနှင့် အလုပ်ခွင်လိုအပ်ချက် ချိတ်ဆက်မှုကို ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်မည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟမှုသည် အာဆီယံအတွင်း နိုင်ငံတစ်ခုမှ တစ်ခုသို့ အလုပ်သမားပြောင်းရွှေ့မှုများ ဖြစ်ပေါ်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အလုပ်သမားများ ပြောင်းရွှေ့လုပ်ကိုင်မှုသည် ၁ ဒသမ ၅ သန်းမှ ၆ ဒသမ ၅ သန်းသို့ တိုးတက်လာခဲ့ကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံနိုင်ငံများမှ အလုပ်သမားများပြောင်းရွှေ့လုပ်ကိုင်လာရာ နိုင်ငံများဖြစ်သည်ကို တွေ့ရှိရပါသည်။ လုပ်သားအင်အား ပြောင်းရွှေ့လုပ်ကိုင်မှုသည် အာဆီယံ၏လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အတွက် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည် ဖြစ်သော်လည်း ယင်းသို့ လုပ်သားအင်အား ပြောင်းရွှေ့မှုများသည် အာဆီယံအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန် လိုအပ်နေကြောင်းကို ညွှန်းဆိုလျက်ရှိပါသည်။

**စားသုံးမှုဈေးကွက် အာဆီယံ**

အာဆီယံသည် စီးပွားရေးတိုးတက်လာသည်နှင့်အတူ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲမှုများပြားသည့် ဈေးကွက်တစ်ခုလည်း ဖြစ်လာပါသည်။ အာဆီယံနိုင်ငံများမှ အိမ်ထောင်စုပေါင်း ၆၇ သန်းသည် ငွေကြေးသုံးစွဲနိုင်စွမ်းရှိသည့် အလယ်အလတ်တန်းစားလူတန်းစား ဖြစ်လာပါသည်။ ယင်း လူတန်းစားသည် ၂၀၂၅ ခုနှစ်တွင် နှစ်ဆတိုးပြီး ၁၂၅ သန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းပြီး အာဆီယံကို အဓိကစားသုံးသူဈေးကွက် တစ်ခုအဖြစ် အသွင်ပြောင်းစေမည်ဖြစ်ပါသည်။ ယင်းသို့ စားသုံးသူဈေးကွက်ဖြစ်လာမှုကြောင့် အပန်းဖြေခရီးသွားမှုလုပ်ငန်းများ၊ နာမည်ကြီး ဈေးနှုန်းကြီး ကုန်အမှတ် တံဆိပ်များကို ရောင်းချသည့် ဈေးကွက်၊ ခေတ်မီလက်လီ ရောင်းချမှုဈေးကွက်များ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၈ သို့

**ယခင်က အိမ်နီးချင်းနိုင်ငံများနှင့်သာ ကုန်သွယ်နိုင်ခဲ့သော မြန်မာနိုင်ငံသည် အာဆီယံမှတစ်ဆင့် အခြားနိုင်ငံများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ကုန်သွယ်လာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စူပါမားကတ်များတွင် တရုတ်၊ ထိုင်းစသည့်နိုင်ငံများမှ ကုန်စည်များသာမက ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများမှ ထွက်ကုန်များကိုပါ တွေ့လာရသည်။**

## ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ကျိုက်ထို ဩဂုတ် ၉**

ကျိုက်ထိုမြို့နယ်၌ TSDP အရ ကျင်းပသည့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က ကျိုက်ထိုမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာသော တောင်ပိုင်းရပ်ကွက် ဘောလုံးအသင်းနှင့် မြောက်ပိုင်းရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းရပ်ကွက်ဘောလုံးအသင်းက တောင်ပိုင်းရပ်ကွက် ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ ပြည်နယ်အားကစားကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ဆုရရှိသည့် အသင်းများကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

## ရေဘေးသင့်ကျေးရွာများတွင် သန့်ရှင်းရေးဆောင်ရွက်ပေး

**တမူး ဩဂုတ် ၉**

တမူးမြို့နယ် ရေဘေးသင့်ဒေသများဖြစ်သော ပွတ်သာကျေးရွာ၊ အလှော်ကျေးရွာနှင့် ရေအေးကျေးရွာတို့တွင် တမူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးသန်းနှင့် တာဝန်ရှိသူများစုပေါင်း၍ ကျေးရွာရှိ ရပ်မိ/ရပ်ဖများနှင့်ပူးပေါင်းကာ ကျေးရွာအတွင်းရှိ လဲကျသစ်ပင်သစ်ကိုင်းများ၊ ခြံစည်းရိုးများနှင့် သာသနိကအဆောက်အအုံများကို သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ကျေးရွာအတွင်းရှိ ရေနစ်မြုပ်ခဲ့သည့် ရေတွင်းရေကန်များကို ပိုးသတ်ဆေးနှင့်ငှက်ဖျားရောဂါကာကွယ်ဆေးများ ပက်ဖျန်းခြင်းတို့ကို ဩဂုတ် ၄ ရက်မှ ၅ ရက်ထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# နမ့်ပေါချောင်းကူးယာယီတံတားတည်ဆောက်ပြီးစီး

**သီပေါ ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ပေါချောင်းတံတား ကျိုးကျပျက်စီးသွားသဖြင့် တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရန်အတွက် ပေ ၁၈၀ အရှည်ရှိ နှစ်လွှာတစ်ထပ်ယာယီ ဘေလီတံတားကို သက်ဆိုင်ရာက တည်ဆောက်ခဲ့သည်။ အဆိုပါတံတားကို မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ပြုလျက်ရှိရာ ဩဂုတ် ၅ ရက် ညနေ ၅ နာရီက ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့်အဖွဲ့က တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့အပြင် ၄င်းဘေလီတံတားတွင် ငွေကျပ်သန်း ၁၅၀ ကုန်ကျမည့် ခေတ်မီသံကူကွန်ကရစ်တံတားကြီးကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြောကြားသည်။

**စိုင်း(သီပေါ)**



# ကလေး၌ ရေဘေးဒဏ် ပြန်လည်ပြုပြင်ရေး လုပ်အားပေး

**ကလေး ဩဂုတ် ၉**

ကလေးခရိုင်ကလေးမြို့တွင်ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော သဘာဝရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်မှုဆောင်ရွက်ရေးလုပ်ငန်းများကို ဩဂုတ် ၇ ရက်က ကလေးတက္ကသိုလ်မှ



ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက လုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ကျောင်းသား ကျောင်းသူ ၁၃၀ ခန့်သည် ကြီးကြပ်သူ ဆရာ ဆရာမများလိုက်ပါလျက် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ ရေဘေးဒဏ်ခံရသော လူနာဆောင်များရှိ ခုတင်များ၊ ဗီရိုများကို သန့်ရှင်းရေးလုပ်ဆောင်ခြင်း၊ အဆောင်အတွင်း၊ အပြင်နှင့် ဆေးရုံဝင်းအတွင်းရေဖြင့် ဆေးကြောသန့်စင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ကလေးမြို့ တောင်ဖီလာဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများ၏ လူဦးရေစာရင်း ကောက်ခံခြင်းကိုလည်း လုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*စာမျက်နှာ ၁၇ မှ*

### မြို့ပြထွန်းကားလာသည့် အာဆီယံ

စားသုံးသူဈေးကွက်ကြီးမားလာမှုနှင့် မြို့ပြပေါ် ထွန်းလာမှုမှာလည်း ဟန်ချက်ညီညီ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ လက်ရှိတွင် အာဆီယံနိုင်ငံများ၏ လူဦးရေ၏ ၂၂ ရာခိုင်နှုန်းသည် လူဦးရေ နှစ်သိန်းထက်ကျော်လွန်သည့် မြို့ပြများတွင် နေထိုင်လာကြပြီး ယင်းမြို့ပြဒေသများမှ စုစုပေါင်းထုတ်ကုန်ထုတ်လုပ်မှုသည် ဒေသဂျီဒီပီ၏ ၅၄ ရာခိုင်နှုန်းများ ရှိလာပါသည်။ ၂၀၂၅ ခုနှစ် အာဆီယံနိုင်ငံများ၌ မြို့ပြများတွင် နေထိုင်လာမည့် လူဦးရေမှာ ၅၄ သန်းမှ ထပ်မံတိုးတက်လာမည်ဟု မျှော်မှန်းပါသည်။ ၂၀၂၅ ခုနှစ်တွင် အာဆီယံ၏ ဂျီဒီပီတိုးတက်မှု ၄၀ ရာခိုင်နှုန်းသည် လူဦးရေနှစ်သိန်းမှ ငါးသန်းမျှရှိသည့် မြို့ကြီးပေါင်း ၁၄၂ မြို့မှ ထုတ်လုပ်ပေးမည်ဟု ခန့်မှန်းထားပါသည်။

### ဆက်သွယ်မှုကောင်းလာသည့် အာဆီယံ

အာဆီယံနိုင်ငံများမှ စားသုံးသူများသည် အင်တာနက်မှ ဈေးဝယ်ယူမှုကို ပိုမိုအသုံးပြုလာကြမည်ဖြစ်ပြီး လက်ကိုင်ဖုန်းသုံးစွဲမှုသည် ၁၁၀ ရာခိုင်နှုန်းနှင့် အင်တာနက် သုံးစွဲမှုသည် လူလေးဦးလျှင် တစ်ဦးနှုန်းအထိ ရောက်ရှိလာသည်ဟုလည်း ခန့်မှန်းထားပါသည်။ အာဆီယံနိုင်ငံများမှ ပြည်သူများသည် အမေရိကန် ပြည်ထောင်စုပြီးလျှင် ဖေ့စ်ဘုတ်အသုံးပြုမှု ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် စမတ်ဖုန်း ခေါ် တယ်လီဖုန်း သုံးစွဲမှုနှုန်း စတုတ္ထနေရာတွင်ရှိပြီး လူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှာ အင်တာနက်သုံးစွဲနေကြပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း လက်ကိုင်ဖုန်းသုံးစွဲသူ ၂၈၂ သန်းရှိပြီး အင်တာနက်သုံးစွဲသူသည် ၂၀၁၆ ခုနှစ်တွင် သန်း ၁၀၀ မျှရှိလာမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အာဆီယံအနေဖြင့် ဒေသဆိုင်ရာ ပေါင်းစည်းမှုရှိလာသည်နှင့်အမျှ စီးပွားရေးအလားအလာကောင်းများကို ဖန်တီးလာနိုင်သည်ကို တွေ့ရပါသည်။ ယင်းသို့ ဖန်တီးလာနိုင်သည်နှင့်အမျှ အာဆီယံပြည်သူများအတွက် အကျိုးရလဒ်များ တိုးတက်ရရှိလာမည်ဖြစ်ပါသည်။ သို့သော်လည်း ယင်းအကျိုးစီးပွားများကို မျှဝေခံစား၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်စေရန်မှာမူ အာဆီယံနိုင်ငံအစိုးရများအနေဖြင့် မျှတ၍ အားလုံးပါဝင်နိုင်သည့် မူဝါဒများကို ချမှတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း ပညာရှင်များက သုံးသပ်ကြပါကြောင်း ဖော်ပြအပ်ပါသည်။

# ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များကိုယ်တိုင် ပို့ဆောင်လှူဒါန်း

**ညောင်တုန်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကော်မတီက ရေဘေးသင့် ကျေးရွာများအတွက် ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါလှူဒါန်းရရှိမှုအခြေအနေမှာပက်မြန်မာအဖွဲ့မှ ညောင်တုန်းမြို့နယ် ရွှေဒဂ်ီးကျွန်း၊ ဓမ္မသုခကျွန်း၊ ရွှေသောင်ယံ၊ ရွာသာကြီး၊ အင်းမ၊ အပေါင်၊ အင်းမရွာလေး၊ မြစ်ရိုးတန်း၊ ကျုံတမာကျေးရွာ ကိုးရွာနှင့် ပန်းတနော်မြို့နယ် ဒေါင့်ကြီးကျေးရွာ စုစုပေါင်း အိမ်ထောင်စု ၁၅၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ဓာတ်ဆား၊ ရေသန့် (၆၃၀၀) တန်ဖိုးငွေကျပ် ကိုးဆယ့်လေးသိန်းငါးသောင်းကျော်ကို လည်းကောင်း၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်)မှ ညောင်ဇောက်နှင့် မဲဇလီ-ဒလ ကျေးရွာအတွက် ဆန်အိတ် ၁၅၀ စုစုပေါင်းတန်ဖိုးသိန်း ၂၀ ကိုလည်းကောင်း၊ အဲပုဂံ(ရန်ကုန်) ဝန်ထမ်းများနှင့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးမိသားစု(ရန်ကုန်)မှ အမှတ်(၄)ရပ်ကွက် ရေဘေးရှောင်စခန်းသို့ အဝတ်အထည်၊ ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် မုန့်တန်ဖိုးငွေသုံးသိန်းကျပ်ကိုလည်းကောင်း၊ သာကီနွယ်ဖွားဓမ္မလူငယ်များ (ညောင်တုန်း) အဖွဲ့မှ ဆန် ၄၆ အိတ်၊ ထမင်းဘူး ၂၀၀၊ ရေသန့်နှစ်ကတ် စုစုပေါင်းတန်ဖိုးငွေကျပ် ခြောက်သိန်းကျော်ကို လည်းကောင်း၊ ကပ္ပလီကျွန်း၊ ရွှေသောင်ယံ၊ မြန်မာပြဿ၊ ဘောလုံး၊ ရွှေဟသ်ာကျွန်းအောက်စု ကျေးရွာများသို့ အလှူရှင်များ ကိုယ်စားသွားရောက်လှူဒါန်းလျက် ရှိကြောင်းနှင့် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီအထိ လှူဒါန်းရရှိမှု စုစုပေါင်းတန်ဖိုးမှာ နှစ်ရာခြောက်ဆယ့်ငါးသိန်းငါးသောင်းကျော် ရရှိပြီဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြစ်ရေသည် ယနေ့နံနက် ၁၀ နာရီ တိုင်းတာချက်အရ ၂၅ ဒသမ ၈ ပေသို့ ပြန်လည်ရောက်ရှိနေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ရေဘေးသင့်ပြည်သူများအားကူညီရန် ပရဟိတအဖွဲ့ဝင်များ မကွေးသို့ သွားရောက်



**ကျောက်တန်း ဩဂုတ် ၉**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသော မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့လှူဒါန်းရန်အတွက်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မှ ပရဟိတ လူမှုကူညီရေးအဖွဲ့များ၏ စုပေါင်းစည်းရုံးမှုဖြင့် စေတနာရှင်ပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၆၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

ကျောက်တန်းမြို့နယ်မှ ဒေသခံပြည်သူများ လှူဒါန်းထားသည့် ဆန်အိတ် ၂၅၀၊ ဆီလစ်တာဘူး ၂၂၅၀၊ ငါးသေတ္တာဘူး ၂၂၅၀၊ ဆား ၁၀ အိတ်၊ ဓာတ်မီး ၁၀၀၀၊ စောင်အထည် ၄၀၀၊ လုံချည်အထည် ၃၀၀၊ သက်န်းဒွိစုံ ၁၄၀၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဖိနပ်၊ အမျိုးသမီးသုံးပစ္စည်းများ၊ အဝတ်အထည်မျိုးစုံ အထုပ်ကြီး ၁၂၀ နှင့် အသောကကုသိုလ်ဖြစ်ဆေးခန်းက လှူဒါန်းသော မြွေဆိပ်ဖြေဆေးနှင့်ရေသန့်ဆေးပြားများ၊ အိမ်သုံးဆေး သိန်း ၂၀ ဖိုးကို ၁၂ ဘီးကုန်တင်ယာဉ်ကြီးတစ်စီး၊ ယာဉ်လတ်ရှစ်စီး၊ အထောက်အကူပြု ယာဉ်ငယ်နှစ်စီးတို့ဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်ပြည်သူများအား လှူဒါန်းကူညီရန် ဩဂုတ် ၅ ရက်က ကျောက်တန်းမြို့မှ ထွက်ခွာသွားကြသည်။

အဆိုပါ ပရဟိတလူမှုကူညီရေးအဖွဲ့ဝင် ၅၀ တို့အား ကျောက်တန်းမြို့နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်အဖွဲ့ဥက္ကဋ္ဌ၊ အသောကရာမပရိယတ္တိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဝိလာသ (ဂန္ထဝါစကပဏ္ဍိတ) နှင့် ဆရာတော်များက ဦးဆောင်ပြီး ရေနံချောင်းမြို့အနီးကျေးရွာများသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**(၀၁၉)**

# ဘာစီလိုနာတို့ ယူအီးအက်ဖ်အေ စူပါဖလား ကိုင်မြှောက်အောင်ပွဲခံနိုင်ပါ့မလား

ယူအီးအက်ဖ်အေစူပါဖလားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှာ ဘာစီလိုနာနဲ့ ဆီဗီလာတို့ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ရာသီအကြိုဖလားလုပွဲဖြစ်တာမို့ နှစ်သင်းစလုံးဟာ ခြေကုန်ထုတ်ပြီး အကြိတ်အနယ်ကြိုးစားကြပါလိမ့်မယ်။ ဘာစီလိုနာတို့ကတော့ ရာသီအဖွင့်မှာ ဖလားတစ်လုံးပိုက်ပြီး ၂၀၁၅-၂၀၁၆ လာလီဂါကို ဖြတ်သန်းမှာမို့ ဒီဖလားကိုရအောင်အားထုတ်ပါလိမ့်မယ်။ ကစားသမား အသစ်တွေခေါ်ယူထားတဲ့ ဘာစီလိုနာတို့ကတော့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ပါဝင်မယ့်တိုက်စစ်အတွဲနဲ့ ပွဲထုတ်လာဖို့သေချာနေပါတယ်။

အင်နီယေစတာကို အသင်းခေါင်းဆောင်တာဝန်ပေးထားတဲ့ ဘာစီလိုနာဟာ အသင်းမှာ အားထားရတဲ့ကစားသမားတွေဖြစ်တဲ့ ဇာဗီကအသင်းမှ ပြောင်းရွှေ့သွားပြီဖြစ်သလို တိုက်စစ်မှူးပတ်ထရိုကလည်း မန်ယူကို ပြောင်းရွှေ့ဖို့နီးစပ်နေပြီဖြစ်တာမို့ အသင်းဟာ စွမ်းအားစုတွေလျော့နည်းသွားတာမို့ အင်နီယေစတာ ဘယ်လိုဦးဆောင်ကစားမလဲဆိုတာ ကြည့်ရမှာပါ။

ဘာစီလိုနာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် ဂျူဗင်တပ်စ်ကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး အယ်အေဂလက်စီအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ဆက် တိုက်နိုင်ခဲ့ပေမယ့် မန်ယူကိုသုံးဂိုး-တစ်ဂိုးနှင့်ရှုံးနိမ့်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းကိုတော့ နှစ်ဂိုးစီသရေဖြစ်ပြီး ဖီအိုရင်တီနားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ခြေစွမ်းတည်ငြိမ်မှုမရှိသေးတဲ့ ဘာစီလိုနာဟာ ဆီဗီလာကို ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။

ဘာစီလိုနာအသင်းဟာ အမာခံဘောလုံးသမားတွေအကုန်ပြန်လည်ပါဝင်နိုင်ရင်တော့ ဆီဗီလာကို ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ဘာစီလိုနာတိုက်စစ်မှူးတွေ လူစုံပါဝင်ရင်တော့ ဆီဗီလာခံစစ်ကြောင်းဟာ ထိန်းချုပ်တောင့်ခံနိုင်မှာမဟုတ်ပါဘူး။ ပြိုင်ဘက်အသင်းရဲ့ အရှိန်အဟုန်နဲ့ထိုးဖောက်လာတဲ့တိုက်စစ်ကို ဆီဗီလာခံစစ်မှူးတွေ ဟန့်တားဖို့ ကြိုးစားရင်း အမှားအယွင်းတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဘာစီလိုနာအသင်းရဲ့ ဒီနှစ်ကစားသမားအသစ်ခေါ်ယူမှုမှာ ဆီဗီလာအသင်းရဲ့ ကွင်းလယ်ကစားသမား ဗီဒယ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ နဲ့ ခေါ်ယူထားတာမို့ အသင်းဟောင်းနဲ့ ပြန်တွေ့မယ့် ဗီဒယ်ရဲ့ ခြေစွမ်းကိုလည်း အကဲခတ်ခွင့်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အသစ်ခေါ်ယူထားတဲ့ အက်သလက်တီကိုအသင်းမှ အာဒါတူရန်ကလည်း ဘာစီလိုနာမှာ ပါဝင်ကစားမလားကြည့်ရမှာပါ။ အသင်းလိုက် ကစားအားရော တစ်ဦးချင်း စွမ်းရည်ပါမြင့်မားတဲ့ ဘာစီလိုနာကို ဆီဗီလာတို့ အနိုင်ယူဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။

ရာသီကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းအတက်အကျရှိပြီး ရလဒ်မတည်မငြိမ်ဖြစ်နေတဲ့ ဆီဗီလာတို့ကလည်း ဘာစီလိုနာကို အကောင်းဆုံးထိန်းချုပ်ကစားဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဒီနှစ်နွေရာသီအပြောင်းအရွှေ့ကာလမှာ ဆီဗီလာအသင်းက အသစ်ခေါ်ယူထားတဲ့ စတုတ်အသင်းမှ အန်ဖွန်ဇီ၊ ဒေါ့မွန်အသင်းမှ အမ်မိုဘိုင်း၊ အေစီမီလန်မှ ရာမီ၊ ချယ်လ်ဆီးအသင်းမှ ကာကူတာ၊ ဘောဒိုးအသင်းမှာ ဖာရီရာ၊ ဂီတာဖေးအသင်းမှ ဒီယိုစတဲ့ ကစားသမားအသစ်တွေ ခေါ်ယူအားဖြည့်ထားတာမို့ အင်အားကောင်းမွန်နေပါတယ်။

ဘာစီလိုနာနဲ့ ဆီဗီလာတို့ရဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲရလဒ်ကို ကြည့်ရင် ဆီဗီလာတို့ လေးပွဲရှုံးပြီး သရေတစ်ပွဲသာ ကစားထားနိုင်တာတွေ့ရပါတယ်။ ဒါပေမယ့် ဆီဗီလာဟာ ဘာစီလိုနာနဲ့ ဆုံတိုင်း ဂိုးတွေရအောင် စွမ်းဆောင်နိုင်မှုမျိုးတော့ ရှိခဲ့ပါတယ်။ ဒါကြောင့် ဘာစီလိုနာတို့ အရန်ကစားသမားတွေနဲ့ ခင်းကျင်းကစားရင်တော့ မထင်မှတ်တဲ့ရလဒ် ထွက်ပေါ်သွားနိုင်ပါတယ်။

ဒါပေမယ့် တွေ့ဆုံမှုအစဉ်အလာအရရော ကစားသမားများရဲ့ စွမ်းဆောင်မှု အပိုင်းတွေမှာပါ မယှဉ်နိုင်တဲ့ ဆီဗီလာတို့ဟာ ဒီပွဲမှာ ဖလားရယူဖို့ဆိုတဲ့ အိပ်မက်အကောင်အထည်ဖော်နိုင်ဖို့ မလွယ်ပါဘူး။ ဘာစီလိုနာတို့ဟာ အခုဖလားကို ကိုင်မြှောက်အောင်ပွဲခံဖို့ အခွင့်အရေးများနေတာ အမှန်ပါပဲ။

**မိုးမြင့်လင်းလက်**

# ဘောလုံးဆိုတာ သင်္ချာပုစ္ဆာမဟုတ်ဘူးလို့ဆိုတဲ့ ဒီမာရီယာ

ဘောလုံးဆိုတာ သင်္ချာပုစ္ဆာလိုအပိုင်တွက်ချက်အဖြေထုတ်နိုင်တဲ့ ကိစ္စမဟုတ်ပါကြောင်း မန်ယူမှ ပီအက်စ်ဂျီသို့ ပေါင် ၄၄ သန်းနဲ့ ပြောင်းရွှေ့သွားပြီဖြစ်တဲ့ တောင်ပံတိုက်စစ်မှူး ဒီမာရီယာက ပြောဆိုလိုက်ပါတယ်။

ဒီမာရီယာက မန်ယူနည်းပြဗန်ဟားလ်ထံ အိတ်ဖွင့်ပေးစာတစ်စောင်ရေးသားပေးပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီက ကျွန်တော်မန်ယူအတွက် အကောင်းဆုံးကစားပေးခဲ့တာပါ။ ဂိုးအများကြီး မသွင်းနိုင်တာကတော့ ဘောလုံးဆိုတာ သင်္ချာပုစ္ဆာတစ်ပုဒ်လို အပိုင်တွက်ထားလို့မရပါဘူးလို့ ဒီမာရီယာကဆိုပါတယ်။

အာဂျင်တီးနားလက်ရွေးစင်တိုက်စစ်မှူး ဒီမာရီယာဟာ ပြီးခဲ့တဲ့ နွေရာသီက ဗြိတိသျှ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ နဲ့ မန်ယူကိုရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ဖို့ကူညီပေးခဲ့တဲ့အတွက် မန်ယူဒါရိုက်တာများနဲ့ စီမံခန့်ခွဲရေးအဖွဲ့ကို ကျေးဇူးတင်ပါတယ်လို့ အသက် ၂၇ နှစ်အရွယ်ရှိ အိန်ဂျယ် ဒီမာရီယာက ဆိုပါတယ်။ မန်ယူမှာ ကစားနေစဉ်အတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်းလည်း ဒီမာရီယာက ရေးသားတဲ့အထဲမှာ ဖော်ပြထားပါတယ်။

ဒီမာရီယာ ပြင်သစ်မြို့တော် ပါရီသို့ မထွက်ခွာမီ ဒိုဟာမြို့မှာ စာချုပ်အပြီး သူဟာပီအက်စ်ဂျီ ကစားသမားဖြစ်သွားပြီဖြစ်တဲ့အကြောင်း ပရိသတ်ကိုထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ သူဟာ ကျောနံပါတ် (၁၁) ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားမှာဖြစ်ပါတယ်။

**■ ကောင်းမြတ်သူရေးသည်**







# ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ရိုးမားရောက်ပြီ

ချယ်လ်ဆီးအသင်းရဲ့တောင်ပံတိုက်စစ်မှူး မိုဟာမက်ဘလက်ဟာ စီးရီးအေထိပ်တန်း ကလပ်ရိုးမားအသင်းသို့ အငှားစာချုပ်နဲ့ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ စီးရီးအေကလပ် ရိုးမားက အီဂျစ်ကစားသမား မိုဟာမက်ဘလက်ကို အမြဲတမ်းစာချုပ်နဲ့လည်း ခေါ်ယူဖွယ်ရှိတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလက ဘေဆယ်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းလာတဲ့ ဘလက်ဟာ ပုံမှန် ပွဲထွက်ကစားခွင့်မရခဲ့ပါဘူး။ ချယ်လ်ဆီးအသင်းမှာ ၁၉ ပွဲကစားရာ နှစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီ နှစ်တစ်ဝက်လောက်မှာ ဖီအိုရင်တီးနားသို့ အငှားသွားရောက်ကစားရာမှာ ၂၆ပွဲ ကစားပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ အီဂျစ်တိုက်စစ်မှူးဟာ ကမ္ဘာမှာအကောင်းဆုံး တိုက်စစ်မှူးကောင်းတစ်ဦးပါပဲလို့ ရိုးမားအသင်း တာဝန်ရှိသူတွေက ဆိုပါတယ်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေနဲ့ တိုက်စစ်မှူးဟောင်း ဒရော့ဘာကို အဓိက ဦးစားပေးခဲ့ရတဲ့အတွက် မိုဟာမက်ဘလက်မှာ ပုံမှန်ပွဲထွက်ခွင့်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဒီအတွက်ကြောင့်လည်း စတမ်းဖို့ဘရစ်ကို ကျောခိုင်းဖို့ ဖြစ်လာခဲ့ပါတယ်။

# ကမ်ပီယာဆို အိုလံပီယာကို့စ်သို့ ပြောင်းပြီ

ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာလီဆက်စတာအသင်းကို တန်းဆင်းဇုန်လွတ်အောင် ကစားပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ကမ်ပီယာဆိုဟာ ဂရိချန်ပီယံ အိုလံပီယာကို့စ်သို့ ပြောင်းရွှေ့သွားခဲ့ပါပြီ။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ အင်တာမီလန်ကွင်းလယ်ကစားသမားဟောင်း ကမ်ပီယာဆို ကို အိုလံပီယာကို့စ်က အလွတ်ပြောင်းရွှေ့မှုနဲ့ စာချုပ်လိုက်တာဖြစ်ပါတယ်။ ကမ်ပီယာဆိုဟာ ပြီးခဲ့တဲ့ နွေရာသီမှာ လီဆက်စတာက ထပ်မံစာချုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့်ငြင်းဆိုခဲ့ပါတယ်။ သူဟာ အိုလံပီယာကို့စ်ကို ပြောင်းရွှေ့ခဲ့တဲ့အတွက် ချန်ပီယံလိဂ် ကစားရဖွယ်ရှိပါတယ်။

လီဆက်စတာမှာဆက်နေခြင်းဖြင့် ချန်ပီယံလိဂ်ကစားခွင့်ရမှာ မဟုတ်ပါဘူး။ ကမ်ပီယာဆိုဟာ ပြီးခဲ့တဲ့ ရာသီက လီဆက်စတာအသင်းကို ပရီမီယာလိဂ်တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင် အဓိက ကြိုးစားကစားခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတွေအများကြီးကစားပြီး ချန်ပီယံလိဂ်ကစားခွင့်ရဖို့မျှော်လင့်ထားပါတယ်လို့ ကမ်ပီယာဆိုက ပြောပါတယ်။



# ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ကုန်တင်ရေယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေး



**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ် ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ပစ္စည်းများကို ရဟတ်ယာဉ်၊ လေယာဉ်၊ ကုန်တင်မော်တော်ယာဉ်များဖြင့် ပေးပို့လျက်ရှိရာ မုံရွာမြို့မှ အောင်မြသန်းရေယာဉ်မိသားစုကလည်း ကုန်တင်ရေယာဉ်ကြီးများဖြင့် ကူညီပေးပို့လျက်ရှိသည်ဟု သိရသည်။

ကုန်တင်ရေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နေမှုအခြေအနေနှင့်ပတ်သက်ပြီး အောင်မြသန်း ရေယာဉ်မိသားစုမှ ဦးမျိုးဝင်းက "ကျွန်တော်တို့ ရေဘေးသင့်ဒေသများအတွက် ဆန်အိတ် ၈၀၀၊ ငါးပိသာဝင် ဆီပုံးအလုံး ၈၀၀ လှူဒါန်းသွားမှာဖြစ်ပြီး အနယ်နယ်အရပ်ရပ်က စေတနာရှင်ကုသိုလ်ရှင်တွေ စုပေါင်းထောက်ပံ့လှူဒါန်းကြတဲ့ ဆန်၊ စားသောက်ကုန်ပစ္စည်းတွေ၊ လယ်ယာသုံးထွန်စက်တွေနဲ့ စက်ကိရိယာတွေ၊ မီးစက်ကြီးတွေ၊ သောက်ရေသန့်တွေ၊ အဝတ်အထည်တွေနဲ့အခြားပစ္စည်းတွေကို ကျွန်တော်တို့ အောင်မြသန်းမိသားစု ကုန်တင်ရေယာဉ်ခုနစ်စင်းနဲ့ အခမဲ့ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ အခုတင်ပို့သွားမယ့် ဆန်အိတ်ပေါင်း ၉၀၀၀ ခန့်နဲ့ အခြားစက်ပစ္စည်းတွေရောပေါင်းရင်တန် ၈၀၀ လောက်တော့ရှိမယ်။ ကုန်တင်ရေယာဉ်တန် ၅၀ နှစ်စင်း၊ တန် ၁၅၀ သုံးစင်း၊ တန် ၃၀၀ တစ်စင်း၊ တန် ၃၅၀ တစ်စင်းပေါင်း ခုနစ်စင်းအသုံးပြုထားပါတယ်။ ရေဘေးသင့် ပြည်သူတွေလိုအပ်နေမယ့် ဆန်နဲ့ အခြား စားသောက်ကုန်တွေကို လှူဒါန်းရတဲ့အတွက်ရော၊ အများစုပေါင်း ထောက်ပံ့လှူဒါန်းမှုတွေကို ကူညီပို့ဆောင်ပေးနိုင်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ နောက်ပိုင်း ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာပါ အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အဆိုပါ ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်နိုင်ရေးအတွက် ကုန်တင် ရေယာဉ်ပေါ်အရောက် တင်ဆောင်ရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားလူမှုကူညီရေးအသင်းအဖွဲ့များက လုပ်အားပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည့်အပြင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီကလည်း ဆန်အိတ်များ၊ ဘိလပ်မြေများ လှူဒါန်းခြင်းနှင့် သယ်ယူပို့ ဆောင်ရေးယာဉ်များဖြင့် ကူညီ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသည့် လယ်မြေများအတွက် မျိုးစပါးထောက်ပံ့

**သံတွဲ ဩဂုတ် ၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော မိုးစပါးစိုက်ခင်းများအတွက် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ်လပထမပတ်က တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင်တောင်ကုတ်မြို့နယ်အတွင်းရှိ ပျက်စီးသွားသည့် လယ်မြေများအတွက် နိုင်ငံတော်က မိုးစပါးများအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဖြူးထောက်ပံ့ပေးသည့်မျိုးစပါး ၂၄၄၃ တင်းကို တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလူမော်၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး၊ မြို့နယ်စိုက်ကြပ်အဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိတောင်သူ ၇၈၉ ဦးပိုင် လယ်မြေပျိုးခင်း စိုက်ခင်းစုစုပေါင်း ၈၄၁ ဧကပျက်စီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ထင်းအစား အခြားလောင်စာသုံးစွဲရေး ပညာပေး

**ငါန်းဇွန် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ခြသေ့်လက်အုပ်စု အိုင်းလျားကျေးရွာရှိ ဓမ္မာရုံအတွင်း၌ ဩဂုတ် ၇ ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစားအခြားလောင်စာသုံးစွဲရေး လူထုပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးအရာရှိတို့က မိမိတို့ဦးစီးဌာန၏အဓိကလုပ်ငန်းဖြစ်သည့် စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း၊ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်း စသည့်လုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ အဖြစ်ရွေးချယ်ထားသည့် အိုင်းလျားကျေးရွာရှိ ဒေသခံပြည်သူများအား စွမ်းအားမြင့် A1 မီးဖိုအလုံး ၈၀ ကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်က ပုဗ္ဗသီရိမြို့နယ် အမှတ် ( ၂၀) အထက၌ ကျင်းပရာ မြို့နယ်တပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးညွန့်ထွန်းနှင့် ဒုရဲအုပ်ဌေးလွင်တို့က ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုပုံ ဆေးရေးအမှတ်အသားများ အသိပညာပေး ဟောပြောစဉ်။ (၁၅၄)

## ဂုဏ်ပြုကျေးဇူးတင်လွှာ

၂၀၁၅ခုနှစ်၊ ဩဂုတ် (၁)ရက်နေ့နှင့် (၂)ရက်နေ့များတွင် မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်း၌ ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအဖြစ် အနုပညာရှင်ပေါင်းစုံ (၄)သင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီးအား ကျင်းပခဲ့ပြီး အလှူငွေ ကျပ်သိန်း (၅၀၀) ကောက်ခံရရှိခဲ့ပါသည်။ ထိုသို့အလှူငွေ ကောက်ခံရရှိလာစေရန်အတွက် ပွဲကုန်ကျစရိတ်အားလုံးအပြင် ငွေကျပ် သိန်း(၁၀၀) ထပ်မံလှူဒါန်းခြင်းနှင့် ဆန်အိတ်(၁၀၀)၊ ရေသန့်ဗူး (၁၂၀၀၀)ဗူး၊ အချိုရည်ဗူး( ၂၂၆၈၀ )ဗူးတို့အား လှူဒါန်းပေးပါသော Green Circle Co.,Ltd ( Ve Ve အချိုရည် ) မိသားစု နှင့် ဝန်ထမ်းများအားလုံးတို့အား ရေဘေးသင့်ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ထိုအလှူငွေများနှင့် ပစ္စည်းများကို ရခိုင်ပြည်နယ် မင်းပြား ၊ ကျောက်တော် ၊ မြောက်ဦးတို့တွင်လည်းကောင်း ၊ မကွေးတိုင်း ပွင့်ဖြူမြို့တွင်လည်းကောင်း၊ ရေနံချောင်း၊ ချောက်တို့တွင်လည်းကောင်းအသီးသီး ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။

ဦးဝေမင်းမောင်
ဥက္ကဋ္ဌ ၊ ( Myanmar Media 7 Co., Ltd.) နှင့်
အနုပညာရှင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အနုပညာရှင်များ

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## The Global New Light of Myanmar သတင်းစာတိုက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၁၅)

၁။ The Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့်သတင်းစာစက္ကူအား အမေရိကန်ဒေါ်လာ+မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| စဉ် | ကုန်ကြမ်းအမည် | ဝယ်ယူမည့်ပမာဏ | ကုန်ကြမ်းအမျိုးအစား |
|---|---|---|---|
| (က) | ၆၄ လက်မစက္ကူ | (၆၀၀၀)တန် | UPM(UK),OJi(Japan) JEONJU(Japan Shade) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၈-၂၀၁၅ရက်မှ ၂၀-၈-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၄:၃၀နာရီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

**တင်ဒါတင်သွင်းရန်လိပ်စာ**
**The Global New Light of Myanmar သတင်းစာတိုက်**
**အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း-၈၆၀၄၅၃၀၊ ၈၆၀၄၅၃၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှု အောက်ရှိဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ကုန်ကြမ်းပစ္စည်း(၄)မျိုးနှင့် ထုပ်ပိုးပစ္စည်း ၇ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၄-၈-၂၀၁၅ ရက် ၁၆:၀၀နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉**
**ဆေးဝါးစက်ရုံ(အင်းစိန်) ဖုန်း-၀၁-၆၄၆၂၇၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်း၊ ချုပ်လုပ်ထုပ်ပိုးခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ပုံစံများကို နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ၁၀-၈-၂၀၁၅ ရက်မှစ၍ ဝယ်ယူပြီး ၂၄-၈-၂၀၁၅ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ အသေးစိတ်သိလိုပါက စီမံရေးရာဌာန ဖုန်း-၀၉-၄၂၀၆၈၆၉၀၉၊ ၀၉-၄၂၀၁၂၆၂၃၆ တို့သို့စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်များ ပုံနှိပ်စာအုပ်ထုတ်ဝေရေးအဖွဲ့**

### ကျန်းမာရေးဝန်ကြီးဌာန
### ပြည်နယ်ကုသရေးဦးစီးဌာန
### ကရင်ပြည်နယ်-ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်အဆင့်ဆေးရုံများနှင့် တိုက်နယ်အဆင့်ဆေးရုံများတွင်တက်ရောက်ကုသသော လူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပထမအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

FDA အသိအမှတ်ပြု ဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၅ရက်မှ ၂၁-၈-၂၀၁၅ရက်အထိ

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၈-၂၀၁၅ရက် ညနေ ၁၆:၀၀နာရီ

သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာနမှူး**
**ကရင်ပြည်နယ်-ဘားအံမြို့**
**ဖုန်း-၀၅၈-၂၁၂၅၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ၊ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း၊ အထူးပြင်နှင့် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် ရွှေဘိုခရိုင်၊ မြို့နယ်များအတွင်းရှိ လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သည့်ခွဲကျောက်အမျိုးမျိုးကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၈-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄:၀၀ နာရီ
**တင်ဒါဖွင့်မည့် ရက်/ အချိန်** - ၂၅-၈-၂၀၁၅ရက်၊ နံနက် ၁၀:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရွှေဘိုခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ၁၇-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၅-၂၁၀၀၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင်**
**ဖုန်း- ၀၇၅-၂၁၀၀၇**
**Fax- ၀၇၅-၂၂၉၃၇**

## ရပ်ရှင်မြှင့်တင်ရေးဌာနခွဲ
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ပစ္စည်းဟောင်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၈-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ မတင်သွင်းမီ မျက်မြင်အခြေအနေအတိုင်း ရောင်းချသည့်ပစ္စည်းဟောင်းများအား ၅-၈-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်းအထက်ပါလိပ်စာသို့ လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၇-၉-၂၀၁၅ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအတွင်း အထက်ပါလိပ်စာရှိ တင်ဒါရောင်းချသည့် အဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရောင်းချမည်ဖြစ်ပါသည်။

၅။ ၂-၉-၂၀၁၅ရက် မွန်းလွဲ ၁နာရီနောက်ပိုင်း တင်သွင်းသည့် အိတ်ဖွင့်တင်ဒါဖောင်များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**
**ဖုန်း-၀၉-၇၉၉၉၇၅၄၂၃၊ ၀၁-၅၃၆၀၃၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသော တံတားများအတွက် လိုအပ်သော Compact 200& Compact 100(Steel Deck Extra Width) ဘေလီနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်** - ၄-၉-၂၀၁၅ ၁၆:၃၀နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယ ၄ လ (၂၀၁၅ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် ဘိလပ်မြေ၊ နိုင်ငံခြားစက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၈-၂၀၁၅ ရက် ၉:၀၀ နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၁၄-၈-၂၀၁၅ ရက် ၁၄:၀၀ နာရီ
**Company Profileနှင့် Tender Security နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန်** - ၁၄-၈-၂၀၁၅ ရက် ၁၆:၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၆၅၊ ဖက်စ်-၀၆၇-၄၁၀၂၆၅**

## မြန်မာဂြိုဟ်တုစနစ်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ မြန်မာဂြိုဟ်တုစနစ်အတွက် အဆိုပြုလွှာကိုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် www.mcit.gov.mm တွင် ခေါ်ယူထားပါသည်။

အဆိုပြုလွှာကို တင်သွင်းလိုသူများအနေဖြင့် ၂၀၁၅ခုနှစ် စက်တင်ဘာ ၁ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် အသေးစိတ်အချက်အလက်များကို http://www.mcit.gov.mm/tenders listing ၌ download ရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံများမှ လိုအပ်သော ဆေးဝါးများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၄-၈-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ (၄) နာရီ

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ကျိုင်းတုံဆေးရုံကြီး**
**ကုသရေးဦးစီးဌာန**
**ဖုန်း-၀၈၄-၂၁၅၁၁၊ ၀၈၄-၂၂၅၁၄**

### လမ်းဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### (တင်ဒါအမှတ် ၂/၂၀၁၅-၂၀၁၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပြင်စလူမြို့တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ တိုင်းဒေသကြီး (ငွေလုံး/ပြင်ထိန်း) လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းများကို လပွတ္တာခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၇-၈-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၈-၂၀၁၅ ရက် ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၄-၈-၂၀၁၅ ရက် နံနက် ၁၀:၀၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၇-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လပွတ္တာခရိုင်၊**
**လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂-၈၃၀၄၇**

## Thiri Tay Za Min Co.,Ltd. မှ

လိုင်စင်အမှတ် WQIL 1 14 1510189 EAGLE SKY TRADING COMPANY LIMITED မှ လိုင်စင်အမှတ် WQIL 1 14 157305 လိုင်စင်နှစ်စောင် ပျောက်ဆုံးသွားပါသည်။

**ကိုမြင့်အေး ဖုန်း-၀၉-၄၂၅၀၀၁၁၃၆၊ ၀၉-၇၉၀၉၇၉၇၂၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## ၂၀၁၄-၂၀၁၅ ခုနှစ်
## (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး
# ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကုန်သည်စက်မှုအသင်းချုပ်အသင်းသားအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** - ၁၅-၈-၂၀၁၅ ရက် (စနေနေ့)
**အချိန်** - မွန်းလွဲ ၁၃:၃၀ နာရီ (မွန်းလွဲ ၁၃:၀၀ နာရီအရောက်နေရာယူပါရန်)
**နေရာ** - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

(အစည်းအဝေးဖိတ်စာမရရှိသော အသင်းသားများအနေဖြင့်လည်း အစည်းအဝေးသို့ တက်ရောက်နိုင်ပါသည်။)

အစည်းအဝေးဖိတ်စာ၊ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာတို့ကို အသင်းသားများထံ ဆက်လက်ပေးပို့မည်ဖြစ်ပြီး အသင်းချုပ်ဝက်ဘ်ဆိုဒ်ဖြစ်သော www.umfcci.com.mm တွင်လည်း ဖော်ပြပေးထားမည်ဖြစ်ပါသည်။ အချိန်မီမရရှိသူများအတွက်ကိုလည်း နှစ်ပတ်လည်အစည်းအဝေးနေ့တွင် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါအစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို ကုန်သည်စက်မှုအသင်းချုပ်ရုံးတည်ရှိရာအမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁-၂၁၄၃၄၄ မှ ၀၁-၂၁၄၃၄၉ အထိ၊ အသင်းသားရေးရာဌာန လိုင်းခွဲ ၁၃၁၊ ၁၄၀၊ ပြည်သူ့ဆက်ဆံရေးဌာန-လိုင်းခွဲ ၃၂၃၊ အတွင်းရေးမှူးဌာန ဖုန်း-၀၁-၂၃၀၁၅၅၆၊ စီမံရေးရာဌာန ဖုန်း-၀၁-၂၃၀၁၅၆၅)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နေရာထိုင်ခင်းအဆင်ပြေစွာ ကြိုတင်စီစဉ်နိုင်ရန်အတွက် တက်ရောက်ကြမည့်အသင်းသားများ၏အမည်စာရင်းကို ၁၃-၈-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀နာရီမတိုင်မီ ကြိုတင်စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**






## အိမ်ခြံမြေ ရောင်းမည်။

အကျယ်အဝန်း - ၄၀' x ၄၀' (ရေမီးအစုံ)၊ အဝီစိတွင်းပါ (တိုက်ခံ (၂)ထပ် အိမ်ပါ)

နေရာ - မြန်နန္ဒာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဆက်သွယ်ရန် - 09 430 30 999, 09 79 3838383

သိန်း(၃၅၀၀)

## ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သင်္ဘောဆိပ်၊ ဒလဘက်ကမ်းရောက်လျှင် ၃မိနစ်ဆိုက်ကယ်စီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၈၀၀၀ ကျပ် ၁၂၀၀၀ ကျပ်

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာဇာနည်လမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်


## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်ဇီးကုန်း(တ) အထက ၂၀၁၄-၂၀၁၅ ခုနှစ်အောင်၊ တက္ကသိုလ်ဝင်တန်းအောင် မောင်ဇင်မင်းထွန်း ၅/ကဘလ(နိုင်)၂၂၇၃၇၀ ၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင်(ခ)ဦးတင်အုန်း ၅/ကဘလ(နိုင်)၀၉၁၀၁၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ထွန်းအောင်(ခ)ဦးတင်အုန်း**

## အမည်ပြောင်း

မိုးကုတ်မြို့၊ အထက (၄) အဌမတန်း(ခ)မှ ဦးနီမာနန္ဒာ၏သား မောင်ကစ္စနားအား ယနေ့မှစ၍ မောင်ဘူသီပရာဆပ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘူသီပရာဆပ်**

စင်ကာပူနိုင်ငံတွင် register လုပ်ထားသော Geo Survey Co.,Ltd နှင့် Horizon Survey Instruments များကို မြန်မာနိုင်ငံတွင် ဖြန့်ချိပေးလျက်ရှိသော Zan International Co.,Ltd တို့ပူးပေါင်းပြီး Survey(မြေတိုင်း) သင်တန်းကို August တတိယပတ် ရန်ကုန်တွင် ဖွင့်လှစ်ပါမည်။ "Survey Fundamental Course and Survey Instruments Application Course" အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း - ၀၉-၂၅၄၄၉၄၁၀၂၊ ၀၉-၇၃၀၆၃၀၀၆၊ ၀၉-၂၅၀၁၁၉၅၁၉၊ ၀၉-၇၈၄၉၉၉၉၈၃၊ ၀၉-၇၉၉၅၉၅၇၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၈)ရပ်ကွက်၊ ပုသိမ်-ရှမ်းရွာလမ်း၊ အကွက်အမှတ် ၁၁၃၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ် ၅၅-ဇ၊ မူလဦးထွန်းနုအမည်ပေါက် (ဂရန်မြေ) အမျိုးအစား၊ ဧရိယာ ၀ဒသမ ၀၉၈ဧက အတွင်းမှ ၀ ဒသမ ၀၉၀ဧကကို မြေငှားဂရန် ဦးပိုင်ခွဲခြားပေးပါရန် ဦးဇေယျာ၏ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၅၁၉၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၇-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဆ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၉)ဦးလှသန်းမိုး+၁၏ဂရန်သစ်တွင်မြေကွက်အမှတ်(၇၅၅) အစား(၇၅၅/ခ)ဟုဖတ်ရှုပါရန်။

## အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ တိုက် (၉)၊ အခန်း(၆)နေ (ဦးအေးမြင့်အောင်)- ဒေါ်ခင်နန်းဝေတို့၏သား မောင်ပြည့်ဖြိုးကျော်(ခ)သားငယ် ၁/မကန(နိုင်)၁၇၅၃၃၀ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်နန်းဝေ**

## အသိပေးကြော်ငြာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၆၁ နေ ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်၏ ညွှန်ကြားချက်ရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဘီ၊ မြေကွက်အမှတ် (၅၂၀/ဘီ+၅၂၁-အေ/၁+၅၂၁/အီး၊ ဧရိယာ ၀ဒသမ ၂၅၂ဧက +၀ ဒသမ ၀၄၂ဧက + ၀ ဒသမ ၄၅၁ ဧက) စုစုပေါင်း ၀ ဒသမ ၇၄၅ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၂၀ ဟုခေါ်တွင်သော မူလအဆောက်အအုံများမှာ ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်လည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း သိရပါသည်။ ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်သည် အထက်ဖော်ပြပါ ဥပစာပေါ်မှ မိမိအခွင့်အရေးကို မည်သူ့ကိုမျှ စွန့်လွှတ်ခြင်းမရှိကြောင်း၊ စွန့်လွှတ်ရန်အတွက်လည်း ကိုယ်စားလှယ်လွှဲစာမပေးဖူးကြောင်း၊ မည်သူ့ကိုမျှ မရောင်းချဖူးကြောင်း၊ ရောင်းချရန်အတွက်လည်း ကိုယ်စားလှယ်လွှဲစာမပေးဖူးကြောင်း သိရပါသည်။ ဒေါက်တာဒေါ်မြသီတာသည် အထက်ဖော်ပြပါဥပစာကို ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်မသိရှိ၊ သဘောမတူဘဲ ဦးရဲမြင့်ပါ(၂)ဦးအား ရောင်းထားကြောင်း စုံစမ်းသိရှိရပါသည်။ ရောင်းသူ ဒေါက်တာဒေါ်မြသီတာနှင့် ဝယ်သူဦးရဲမြင့် ပါ(၂)ဦးတို့ ပြုလုပ်ထားသော အရောင်းအဝယ်စာချုပ်အား ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပယ်ဖျက်ပေးပြီး အဆိုပါဥပစာကို ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်ထံသို့ အလွတ်လက်ရောက်ပေးအပ်ပါရန်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ပါလျှင် ရောင်းချထားသူနှင့် ဝယ်ယူထားသူအပေါ် သက်ဆိုင်ရာဥပဒေအရ ဆောင်ရွက်ပေးရန် ယင်းဥပစာကို မည်သူမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြရန်အတွက် ကြော်ငြာပေးရန် ဦးညီညီဆွေတင် (ခ)ဦးမင်းဆွေတင်က ကျွန်ုပ်အား ညွှန်ကြားထားကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြဟန်**
**B.A(Law), LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)**
**အမှတ် ၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်မြောက်ပိုင်းသဲလမ်း၊ ဒေါ်သင်းသင်းနွယ်ပိုင် ပေ(၂၀×၆၀)ရှိ ခြံမြေအား ဦးဝင်းကြည် CE-၀၇၇၁၆၃သည် ၁၃-၁၂-၁၄ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ယင်းခြံမြေတွင် အိမ်ဆောက်လုပ်မည် ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အိမ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ LL.B အထက်တန်းရှေ့နေ (စဉ်-၂၉၆၆၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အာဇာဝတီလမ်း၊ အမှတ်(၁၃)၏ အိမ်မြေပိုင်ရှင် ကျွန်မဒေါ်လှလှမြင့် ၁၂/သဃက(နိုင်)၀၅၃၀၀၃ သည် ကန်ထရိုက်တာ ဦးလှကျော် (MTNT-၀၃၂၅၆၉) နှင့် တိုက်ခန်းများဆောက်လုပ်ရန် ၄-၆-၂၀၁၄ ရက်က စာချုပ်ချုပ်ဆိုခဲ့ပြီး ၁၅-၆-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူစာချုပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။

ကန်ထရိုက်တာ ဦးလှကျော်ထံမှ တိုက်ခန်းများကြိုပွိုင့် ဝယ်ယူထားသူများသည် ဦးလှကျော်နှင့်သာ ဖြေရှင်းဆောင်ရွက်ကြပါရန်နှင့် ကျွန်မမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှမြင့်**
**ဖုန်း-၀၉-၅၄၀၅၈၈၃၊ ၀၉-၄၂၃၇၁၈၀၇၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၃၆၀၈၇ HEN-SIM 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်ဦး ၉/ပသက(နိုင်)၀၇၆၀၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၁၉၉၄ Jialing JL 90 M/C အမည်ပေါက် ယာဉ်လက်ဝယ်ရှိသူ ဦးတင်ငွေ ၉/အမရ(နိုင်)၀၉၀၈၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၂၁၈၆ Aonda Dream 110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၉/မဟမ(နိုင်)၀၀၄၀၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၅၈၇၄ Honda Dream 125 (M/C) အမည်ပေါက် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးအောင် ၁၄/ပသန(နိုင်)၁၄၇၅၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၄၂၂၃ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်မင်းဇော် ၁၄/ကကန(နိုင်)၁၀၂၀၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6876 Mitsubishi Canter Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၅/ငဇန(နိုင်)၀၆၉၉၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကိုဘိုဘိုသိန်းတန်(ခ)ဘိုဘို ၁၂/သဃက(နိုင်)၀၅၆၅၁၁နှင့် မမြမြသီ(ခ)မမင်းမင်း ၁၂/ဥကတ(နိုင်)၁၄၃၄၇၃သည်တစ်ဦးနှင့်တစ်ဦး စိတ်သဘောတိုက်ဆိုင်မှုမရှိသောကြောင့် ၅-၈-၂၀၁၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တရားရုံးတွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ပါသောကြောင့် နောက်နောင်၄င်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာဖြေရှင်း ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မမြမြသီ(ခ)မင်းမင်း ၁၂/ဥကတ(နိုင်)၁၄၃၄၇၃**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သီရိပျံချီဦးအောင်သောင်း
ဝန်ကြီး (ငြိမ်း)
အသက်(၇၉)နှစ်

ဗိုလ်မှူးချုပ်မိုးအောင်-ဒေါက်တာအေးခိုင်ညွန့်တို့၏ ဖခင်ကြီး သီရိပျံချီဦးအောင်သောင်း [ဝန်ကြီး(ငြိမ်း)၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်]သည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာဌေးကျော်-ဒေါ်သင်းသင်းထွဋ် မိသားစု**

## အများသိစေရန်

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၂(S-71)၊မြေကွက်အမှတ် V̄-၁၇၃၊ မြေကွက်တည်နေရာအမှတ် ၁၀၀၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နှစ်(၉၀)ဂရန်မြေ၊ LD. David အမည်ပေါက်မြေကွက်အား ပိုင်ဆိုင်ကြောင်းစာချုပ် ၉၁/၁၉၅၆ အရ ဦးမောင်လှ၊ ဒေါ်စန်းရင်တို့မှ ပိုင်ဆိုင်ပြီး အရောင်းအဝယ်စာချုပ် ၈၁/၁၉၅၆ ဖြင့် ဦးဘိုးသွယ်၊ ဒေါ်ခင်မြတို့မှ ပိုင်ဆိုင်ကာ၄င်းတို့ ကွယ်လွန်၍ပိုင်ဆိုင်ကြောင်း စာချုပ် ၉၈၄၅/၂၀၁၄နှင့် စွန့်လွှတ်စာချုပ် ၉၈၄၆/၂၀၁၄ တို့အရ ပိုင်ဆိုင် လာသူ ဦးကျော်မြင့် ၁၂/ဗဟန(နိုင်)၀၉၄၄၀၄မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ အမှုတွဲအမှတ်-539 RP 27(24-11-1927) ဖြင့် မူလကထုတ်ပေးထားသည့် နှစ်(၉၀)ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ရွှေသိုက် (ကျောက်ပန်းတောင်း)
အသက်(၈၇)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ ရန်-ပြည်-မန်းလမ်း၊ စံပြရပ်နေ (ဦးအောင်ကျော်)၏ဇနီး၊ ဦးတင်မောင်ညွန့်-ဒေါ်အေးမြင့်ကြူ(နောင်ရိုး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ ဦးမြင့်မင်းမောင်-ဒေါ်နန္ဒာထွန်းနောင်၊ ဒေါ်ခင်သီတာညွန့်၊ဒေါ်လင်းသော်တာညွန့်တို့၏အဘွား၊ မသွန်းသန့်နန္ဒီ၊ မောင်တည်တံ့အောင်တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြဆွေ (မန္တလေးမြို့)

အသက် (၈၅)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ် (၂)မြို့သစ်၊ ဆ-ရ(၄၆)နေ ဗိုလ်ကြီးတင်မြင့်(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဆွေဦး၊ (ဒေါ်မို့မို့)၊ ဒေါ်အေးအေးသက် (သမဦးစီး၊ ချမ်းမြသာစည်မြို့နယ်)၊ ဦးတင်လေးအောင်- ဒေါ်နိုင်နိုင်ဝင်း၊ ဦးမြတ်သူ- ဒေါ်သန္တာသင်း၊ ဦးအောင်အောင်(လျှပ်စစ်)၊ (ဒေါ်သက်သက်ခိုင်)၊ ဒေါ်အေးအေးချို (အဝေးပြေးယကက)၊ ဒေါက်တာမြင့်သက်လျာလှိုင် (မန္တလေးအဝေးသင်တက္ကသိုလ်)တို့၏မိခင်သည် ၅-၈-၂၀၁၅ရက် နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၅ရက် နံနက် ၁၀နာရီတွင် တောင်အင်း၊ မြောက်အင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်ဇော်ကို(ခ)ဦးအေးကြူ

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင် ဟေဝန်အိမ်ရာနေ (ဦးစံလှ-ဒေါ်မြလေး)တို့၏သား၊ (ဦးထွန်းမှန်-ဒေါ်သန်းထင်)တို့၏ သားသမက်၊ (ဦးစောလွင်)-ဒေါ်ဆွေဆွေတို့၏ညီ၊ ဦးဘာဘာ-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင်ဝ-(ဒေါက်တာရီရီမြင့်)တို့၏အစ်ကို၊ [ဒေါ်ရီရီမှန်(ခ) Firlie]၏ခင်ပွန်း၊ ဦးသူရဇော်ကို-ဒေါ်ဥမ္မာကြည်၊ ဦးဝဏ္ဏဇော်ကို-ဒေါ်တင်နီလာမြင့်၊ ဦးခရစ္စတီပေါလ်-ဒေါ်မွန်မွန်ဇော်ကိုတို့၏ဖခင်၊ မောင်အောင်ခန့်မင်း၊ မောင်ပေါလ်ဝဏ္ဏမှန်တို့၏အဘိုးသည် ၄-၈-၂၀၁၅ရက် ညနေ ၁၁း၅၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးထွန်းသာအောင် (ရမ်းဗြဲ)

စာကြည့်တိုက်မှူး (ငြိမ်း)
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်
အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် ၁၂၅၆၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်နေ (ဦးထွန်းလင်း-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်အုန်းညွန့် (ကြီးကြပ်ရေးမှူး၊ ငြိမ်း၊ MFTB)၊ ဦးစိန်ဝင်း-ဒေါ်ခင်အုန်းလင်း (ဒုကျောင်းအုပ်ကြီး၊ ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်)တို့၏အစ်ကိုကြီး၊ မသဇင်စိမ့် (Ayarwaddy Legend Travels and Tours)၏ ဘဘကြီးသည် ၈-၈-၂၀၁၅ ရက်(စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
မိခင်ကြီး ဒေါ်မြမြသန်း
အသက်(၆၉)နှစ်

ဦးခင်ဇော်အောင်-ဒေါ်တင်တင်နု(ခ)မညိုတို့၏မိခင်ကြီးသည် ၇-၈-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မိခင်ကြီး ဒေါ်မြမြသန်း ကောင်းရာသုဂတိလားပါစေ။

**ဦးချူး-ဒေါ်ဘီ(ဝါး၊ ခနီ)**
**ရတနာအေးမြ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းစိုး (ညောင်ဦး)
အသက်(၇၈)နှစ်

(၁၉၈၆-၁၉၉၄) ဥပဒေကျောင်းသား ကိုအောင်ကျော်မြင့်(ညောင်ဦး)၏ဖခင် ဦးသိန်းစိုး (ညောင်ဦး)သည် ညောင်ဦးမြို့၌ ၅-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၆-၁၉၉၄ မတ်လ**
**ရန်ကုန်တက္ကသိုလ်ဥပဒေကျောင်းသူ ကျောင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ရင်
အသက် (၆၉)နှစ်
ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ (ဒု-ဥက္ကဋ္ဌ) ဦးခင်မောင်ရင်သည် ၆.၈.၂၀၁၅(ကြာသပတေးနေ့)နံနက်(၁၀း၁၀)နာရီတွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

## အထူးကျေးဇူးတင်ရှိခြင်း

ဦးခင်မောင်စိုး(ပျဉ်းမနား)
အသက်(၈၃)နှစ်

ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး နာမကျန်းဖြစ်စဉ်ကာလအတွင်း ဝိုင်းဝန်းပြုစုအားပေးစကားပြောကြားပေးကြပါသော သူနာပြုတက္ကသိုလ်ရန်ကုန်မှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာမများအားလုံးကိုလည်းကောင်း၊ နာရေးကိစ္စအဝဝကို စိတ်ရောကိုယ်ပါ ဝိုင်းဝန်းလုပ်ဆောင်ပေးကြသော သူနာပြုတက္ကသိုလ်ရန်ကုန်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူး၊ တွဲဖက်ပါမောက္ခ/ဌာနမှူးများ၊မော်ကွန်းထိန်းနှင့်ဌာနအသီးသီးမှဆရာမများ၊ ဝန်ထမ်းများ၊ သူနာပြုတက္ကသိုလ် မန္တလေးမှ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာမများအားလုံး၊ အာဗင်တင်းလီမိတက်(အာမို)မှ ဝန်ထမ်းများ၊ M.C.P.L ကုမ္ပဏီမှ ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တယ်လီဖုန်း/ email တို့ဖြင့်လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးစိုင်စိုး (ငြိမ်း)
A.G.T.I (Civil) 1979 (ပြည်)

ဒဂုံမြို့သစ်၊ (၅၃) ရပ်ကွက်နေ ဒေါ်မြမြဝင်း၏ခင်ပွန်း ဗိုလ်ကြီးစိုင်စိုး (ငြိမ်း) သည် ၈-၈-၂၀၁၅ရက် နံနက် ၈း၄၅တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာ အမှတ်စဉ် (၅)**
**"၅၃" သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

Engr; ဦးသန်းမြင့်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၂၈-E)နေ ဒေါ်ခင်သိန်းကြည် (အထက်တန်းပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း (ဥက္ကဋ္ဌ) မြန်မာနိုင်ငံ မြေလျှင်ကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ (ကောင်စီဝင်)၊(ဥက္ကဋ္ဌ)-အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တာဝန်များ ထမ်းဆောင်ခဲ့သူ ဦးသန်းမြင့်သည် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြမြ (ကင်းမှန့်တိုက်) ညောင်လေးပင်
အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ရွှေဝါလမ်း၊ စော်ဘွားကြီးကုန်း၊ အမှတ် (၈/၄)နေ အသင်းဝင် ဦးသိန်းဝင်း-ဒေါ်သန်းသန်းမြင့်တို့၏အစ်မကြီး ဒေါ်မြမြသည် ၄-၈-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ညောင်လေးပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ညောင်လေးပင်မြို့နယ်အသင်း**
**(ရန်ကုန်)**

## ဒေါ်ဂျနီဖာတင်စိုး (တောင်ကြီးမြို့)အသက် (၃၈)နှစ်

ရန်ကုန်မြို့၊ အရှေ့ပိုင်းမြို့နယ်၊ (၇) ရပ်ကွက်၊ အောင်ရတနာလမ်းနှင့် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၄၁/၁၁)နေ ဦးတင်စိုး-ဒေါ်စန်းစန်းမြင့်တို့၏ သမီး၊ (ဦးကျော်ချစ်- ဒေါ်သန်းအင်)တို့၏သမီးချွေးမ၊ လာဗင်တန်မိုး၊ ဇင်နယ်တန်မိုးတို့၏ မိခင်၊ ဦးအောင်ဇော်မိုး၏ချစ်လှစွာသောဇနီးသည် ၃-၈-၂၀၁၅ရက် ညနေ ၄း၄၅နာ ရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ရီ (ညောင်လေးပင်)
တပ်မတော်(ရေ)ငြိမ်း (CDC-23298)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ အမှတ် ၇၄/၆၊ ကမာလမ်းနေ ဒေါ်တင်တင်အေး၏ခင်ပွန်း အသင်းဝင်ဦးမြင့်ရီသည် ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နှင်းမြိုင်
အသက်(၆၇)နှစ်

NEW DAY Energy Co.,Ltd. မှ မနှင်းစုကြည် (Finance ဌာန)၏ မိခင်ဒေါ်နှင်းမြိုင် အသက်(၆၇)နှစ်သည် ၆-၈-၂၀၁၅ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့်ဝန်ထမ်းများ**
**NEW DAY Energy Co.,Ltd.**

## (၁၃)နှစ်ပြည့်အလွမ်း

ဦးမောင်မောင်(ခ)ဦးတင်ထွဋ်
၁၀-၈-၂၀၁၅

မိသားစုအပေါ် မြင်းမိုရ်တောင်မက မေတ္တာတရားကြီးမားလှသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၀-၈-၂၀၁၅ ရက်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်နှင့်အမျှ တမ်းတလွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖေဖေ့အတွက် လစဉ် ၁၀ရက်နေ့တိုင်းပြုလုပ်ခဲ့သော ရည်စူးကုသိုလ်များနှင့် ယနေ့(၁၃)နှစ်ပြည့်တွင် မဟာစည်သာသနာ့ရိပ်သာ၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အားလုံးနှင့် ယောဂီ/သီလရှင်တို့အား တစ်နေ့တာအရဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်၍ သင်္ကန်း၊ ဒါတဗ္ဗဝတ္ထု အစုစုလှူဒါန်းပြီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျွေးမွေးလှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေ့အား ရေစက်သွန်းချ အမျှကုသိုလ်ပေးဝေပါသည်။

အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ဖေဖေရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။

| | | |
|---|---|---|
| ကျန်ရစ်သူ-ဇနီး | - | ဒေါ်ခင်တီတီ |
| သမီးကြီး | - | မောင်သန်းနိုင်- မခင်မြတ်မြတ်အောင်(ခ) အလိမ္မာမောင်မောင် |
| မြေး | - | ဥတ္တရမောင်(ခ)Edgar |
| သား | - | မောင်ရန်လင်းမောင်-မစန္ဒီမောင်မောင် |
| မြေး | - | Henry, Harry, Holly |
| သမီးငယ် | - | ကိုကျော်ကိုကို-မသဲသဲဇလပ်ဖြူမောင် |

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးသက်ဦး
ကြီးကြပ်ရေးမှူး-လျှပ်စစ်စစ်ဆေးရေး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အသက်(၄၂)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါဥခူရပ်ကွက်၊ အမှတ်(ခူ/၆၃၆)နေ ဦးတယ်ရီ-ဒေါ်တင်တင်သိန်းတို့၏သား၊ ဒေါ်နွဲ့နွဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း မသီသီဇင်၏ ချစ်လှစွာသောဖခင် ဦးမျိုးသက်ဦးသည် ၆-၈-၂၀၁၅ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်**
**တိုင်းဒေသကြီး/ပြည်နယ်**
**လျှပ်စစ်စစ်ဆေးရေးဝန်ထမ်းများ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ကိုမြတ်ကျော်နိုင် (ခ)ကိုဗိုဗို
အသက်(၃၉)နှစ်
Second Officer . JSM Co.,Ltd.
CDC No. 43260

ချစ်ရပါသောခင်ပွန်း သမီးတို့ဖေဖေမိသားစုအပေါ် သံယောဇဉ်နှင့်ကျေးဇူးကြီးမားလှသော သားကြီး မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ (၁၀-၈-၂၀၁၅)တနင်္လာနေ့တွင် (၁)လပြည့်ခဲ့ပြီဖြစ်ပါသည်။ လူတိုင်း အချိန်တန်လျှင် ဒီလမ်းကိုသွားရမယ်ဆိုတဲ့ သစ္စာတရားကိုသိပေမယ့် မထင်မှတ်ပဲ ရုတ်တရက်ထွက်ခွာသွားတာဟာ အရမ်းကိုစောလွန်းလှပါတယ်။ အချိန်မတန်ပဲ ကြွေခဲ့ရတဲ့အတွက် အတိုင်းမသိနှမြောတသစွာ ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

ချစ်ခင်ပွန်းသားကြီး ကိုဗိုဗိုအတွက် ရည်စူးကာ မိသားစုဆွေမျိုးမိတ်သင်္ဂဟများက ပြုလုပ်ပေးသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းဒါန၊ သီလ၊ ဘာဝနာနှင့်ဝိပဿနာကောင်းမှုကုသိုလ်အစုစုတို့ကို ရရှိခံစားနိုင်ပါစေ။ မြင့်မြတ်သောဘုံဘဝကို အလျှင်အမြန်ရောက်ရှိပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ . . . အမျှ . . . အမျှ . . .

| | | | | | |
|---|---|---|---|---|---|
| ဖေဖေ | - | ဦးအောင်နိုင် | မေမေ | - | ဒေါ်ခင်အုန်းမြင့် |
| ချစ်ညီလေးများ | - | ကိုသီဟလင်းနိုင် (Uniteam) | ကိုကြီး | - | ဦးကျော်စွာမိသားစု |
| | - | ကိုသူရမင်းနိုင် (Uniteam) | ချစ်ဇနီး | - | ဒေါ်အေးအေးမိုး |
| အန်တီများ | - | အန်တီငြိမ်း၊ အန်တီချို | ချစ်သမီးများ | - | မမြတ်ပိုးသံသာ(ခ)ဂျူးဂျူး (NELC, Pre-School) |
| | | | | - | မမြတ်ပန်းဟေသာ(ခ)ကူကူး |
| | | | ချစ်ညီမများ | - | မဝင်းဝင်းနိုင် |
| | | | | - | မသဉ္ဇာမြင့် |

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ယုဇနကွန်ဒိုအိမ်ရာရှိ တိုက်အမှတ် (၆၆)၊ အခန်းအမှတ်(၀၀၆)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းဌေးထံမှ မေတ္တာဖြင့် အပိုင်ပေးခြင်းခံရသူ ဦးမြင့်မြတ်ထွန်း ၇/ညလပ(ဧည့်) ၀၀၀၀၃၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



# ပြင်သစ်နိုင်ငံမှဝယ်ယူလာသည့် လေယာဉ်သစ်ခြောက်စင်းအနက် ပထမဦးဆုံးလေယာဉ်ရောက်ရှိ

**ရန်ကုန်　ဩဂုတ်　၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ ဝယ်ယူထားသည့် ATR-72-600 လေယာဉ်သစ်ခြောက်စင်းအနက် ပထမဦးဆုံးအစင်းဖြစ်သည့် ATR -72-XY-AJY လေယာဉ်သစ် ဩဂုတ် ၈ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မီးသတ်မော်တော်ယာဉ်မှ ရေပန်းများဖြင့် ခရီးဦးကြိုဆိုကြသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ■

# အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်း ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရ

**ဖနောင်ပင်　ဩဂုတ်　၉**

အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အိုလံပစ်ကွင်း၌ မြန်မာနှင့်ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် နှစ်ကြိမ်စီ ဗိုလ်စွဲထားသည့် မြန်မာနှင့် ထိုင်းတို့၏ဗိုလ်လုပွဲမှာ ထိုင်းအသင်းက သုံးဂိုးရရှိပြီး ချန်ပီယံဆုကို တတိယအကြိမ်မြောက် ရရှိသွားသည်။ မြန်မာအသင်းမှာ ပွဲအစပိုင်းတွင် ထိုင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကစားကွက်ပျက်သွားသလို ခံစစ်ပိုင်းအားနည်းမှုများကြောင့်လည်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပွဲအစတွင် မြန်မာအသင်းက ကစားကွက်အသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ မြန်မာအသင်း၏ တိုက်စစ်တွဲလုံးများမှာ ထိရောက်ခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများရရှိခဲ့သည်။ မိနစ် ၂၀ ကျော်မှ ထိုင်းအသင်းကစားကွက် ပြန်မိလာပြီး မြန်မာအသင်းဘက်သို့ ထိုးဖောက်လာနိုင်သည်။ မြန်မာနောက်ခံလူများမှာ စိုးရိမ်စိတ်များနေ၍ ထိုင်းအသင်းအခွင့်အရေးများ ရရှိခဲ့သည်။ ၄၁ မိနစ်တွင် ထိုင်းအသင်းဂိုးရရှိခဲ့ပြီး ထောင့်ကန်ဘောကို ဆစ်တီရတ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၄* ＊

## ယနေ့ မာတိကာ

**နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံကို ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်**

စာမျက်နှာ-၁၁

**ပြည်တွင်းစားသုံးရန် ဆန်လုံလောက်သောပမာဏရှိပြီး ရေဘေးသင့်မြို့နယ်များတွင်ဖွင့်လှစ်မည့် ဆန်လက်ကားဆိုင်များတွင် ဈေးနှုန်းအရင်းဖြင့် ရောင်းချပေးမည်၊ ဆန်ဈေး ဆီဈေးတက်မည်ဆိုပြီး စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းစရာမလို**

စာမျက်နှာ-၁၂

# ဖိုးသော်(မြန်မာ)နှင့် စောနီကိုး(ဂျာမနီ)တို့ပွဲ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်သော်လည်း ပူးတွဲသရေဖြင့်အဆုံးသတ်

**ရန်ကုန်　ဩဂုတ်　၉**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သော မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

သုံးချီစိန်ခေါ်ပွဲများတွင် မိုက်မိုက်(အလင်းရောင်)နှင့် ရဲရင့်အောင်(ငြိမ်းချမ်းရေး) တို့ ပွဲဖြစ်သည်။ ပထမအချီ၌ သူတစ်ပြန် ကိုယ်တစ်ပြန် လက်သီးတွဲလုံးများ ထိမိကြသော်လည်း ဒုတိယအချီတွင် မိုက်မိုက်လက်သီးထိုးချက်ကြောင့် ရဲရင့်အောင် မယှဉ်ပြိုင်နိုင်၍ မိုက်မိုက်အနိုင်ရရှိသွားသည်။ ကျော်ဝင်းအောင် (ငြိမ်းချမ်းရေး)နှင့် ဒိုးလေး(အဖြူရောင်သွေးသစ်)တို့ လက်သီးချင်းပြိုင်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❒



**ဖိုးသော်(မြန်မာ)နှင့် စောနီကိုး(ဂျာမနီ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း